ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်၊ ဗုဒ္ဓဟူးနေ့။ | Wednesday 24 October 2018 | ၉၄၄၉

# ကုလသမဂ္ဂ၏ရည်မှန်းချက်များ ဖော်ဆောင်ရန် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်ဆန္ဒပြု

## (၇၃) နှစ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့်သဝဏ်လွှာ

**(နေပြည်တော်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

ကုလသမဂ္ဂအဖွဲ့ကြီးအား ဖွဲ့စည်းတည်ထောင်ခဲ့သည့် (၇၃) နှစ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့အခါသမယတွင် ကုလသမဂ္ဂအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ငြိမ်းချမ်းခြင်း၊ မျှတခြင်းနှင့် ကြွယ်ဝသော ကမ္ဘာကြီးတစ်ခုပေါ်ပေါက်ရန် ကြိုးပမ်းမှုများ၌ ကြီးမားသောအောင်မြင်မှုများရရှိစေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား မိမိက ဆုမွန်ကောင်းများပို့သအပ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် ဒုတိယကမ္ဘာစစ်အပြီး ကုလသမဂ္ဂပဋိညာဉ်အား အတည်ပြုချမှတ်ခဲ့သည့် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်မှစ၍ တရားဝင်ပေါ်ပေါက်ခဲ့ပါသည်။ ဤကြီးမြတ်လှသောနိုင်ငံတကာအဖွဲ့ကြီးကို ငြိမ်းချမ်းရေးမြတ်နိုးသော နိုင်ငံများက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေး၊ နိုင်ငံများအကြား ရင်းနှီးချစ်ကြည်မှုတိုးတက်စေရေး၊ လူသားတို့ဘဝ တိုးတက်မြင့်မားရေးနှင့် တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများနှင့် လွတ်လပ်မှုများအား လေးစားမြှင့်တင်ရေးတို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် တည်ကြည်လေးနက်သော ကတိကဝတ်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# သပြေညီနောင် အောင်ဇေယျမုနိစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ငုက္ခလေးကျေးရွာအနီးရှိ သပြေညီနောင် အောင်ဇေယျမုနိစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ နောင်ချိုမြို့ ဘန့်ဘွေးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဥတ္တရအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့**



**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား ပင့်ဆောင်ပူဇော်ကြစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



## ကြေးမုံ

# ကျေးဇူးဆပ်ခြင်းဖြင့် ကောင်းကျိုးများကိုယူ

ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာနေ့ဖြစ်သော ဤသီတင်းကျွတ်လပြည့်နေ့သည် အလွန်ထူးမြတ်သော နေ့တစ်နေ့ဖြစ်ပါသည်။ ထိုနေ့ ထိုရက်တွင် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ကောင်းမှုကုသိုလ်ထူးများ ပြုလုပ်ကြသည်။ ဆီမီးထွန်းညှိပူဇော်ခြင်း၊ မိဘဆရာသမား၊ သက်ကြီးဝါကြီးများအား ကျေးဇူးသိသောအားဖြင့် ပူဇော်ကန်တော့ခြင်းတို့ကို ပြုလုပ်ကြသည်။

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်တွင် သတ္တမမြောက်ဝါကပ်စဉ် မယ်တော်မိနတ်သား(သန္တုသိတနတ်သား)အား ကျေးဇူးဆပ်သောအားဖြင့် အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့သည်။ မယ်တော်မိနတ်သားသည် ဗုဒ္ဓဘုရားရှင်၏ မယ်တော်မာယာဖြစ်ပြီး ဘုရားရှင်အား ဖွားမြင်ပြီးနောက် စုတေရာမှ တာဝတိံသာနတ်ပြည်တွင် နတ်ဖြစ်လေသည်။ မြတ်စွာဘုရားရှင်သည် ကျေးဇူးတကာတို့တွင် အမြတ်ဆုံးဖြစ်သောတရားတော်ဖြင့် ဤကာလတွင် မယ်တော်ကိုကျေးဇူးဆပ်ခဲ့သည်။

မယ်တော်အား တရားဖြင့်ကျေးဇူးဆပ်သောအကျိုးအားကြောင့် သန္တုသိတနတ်သားအပါအဝင် ကုဋေပေါင်းရှစ်သောင်းလေးထောင်သောနတ်တို့ အကျွတ်တရားရကြပြီးလျှင် မြတ်စွာဘုရားရှင်သည် ဤသီတင်းကျွတ်လပြည့်နေ့အခါသမယတွင် ပတ္တမြားစောင်းတန်းမှကြွချီကာ လူ့ပြည်သို့ဆင်းသက်ခဲ့သည်။ ဤသည်ကို ရဟန်းရှင်လူ ပြည်သူအပေါင်းက ဆီမီးတန်ဆောင်များ၊ အမွှေးနံ့သာများဖြင့် သောင်းသောင်းဖြဖြပူဇော်၍ မြတ်စွာဘုရားရှင်အား ကြိုဆိုခဲ့သည့် ကောင်းမြတ်သောအစဉ်အလာမှာ ယနေ့ထက်တိုင်ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ကျေးဇူးဆပ်ထိုက်သောမယ်တော်ကို အမွန်မြတ်ဆုံး၊ အကြီးမြတ်ဆုံးဖြစ်သော အဘိဓမ္မာတရားဖြင့် ကျေးဇူးဆပ်ခဲ့သည်။ နတ်ပြဟ္မာအပေါင်းတို့ အပြီးတိုင်ချမ်းသာလမ်းသို့ ကျွတ်တမ်းဝင်ခဲ့သည့် အကျိုးတရားများရခဲ့သည်။ တရားဖြင့်ဆပ်သောကျေးဇူးတရားမှာ ကြီးမားလှသည်။ အပြစ်မကင်းစဉ်သည့် ပုထုဇဉ်လူသားများအနေဖြင့် ကျေးဇူးတရားဆိုင်ရာတို့ကို ပို၍ပင်မမေ့အပ်ချေ။ ဆုတ်ကပ်ကာလတွင် ကျေးဇူးဆပ်ရန်ထက် မိမိတို့၏ ပြစ်မှားမိသောအပြစ်များမှာ များပြားလှသည်။ ပြစ်မှားမိသောအပြစ်များ လျော့ပါးနိုင်သလောက် လျော့ပါးစေရန်အတွက် ဤနေ့ဤကာလတွင် ဝန်ချတောင်းပန်ကန်တော့ခြင်းအမှုကို ပြုကြရမည်ဖြစ်သည်။

ရဟန်းသံဃာများနှင့် လူအများတို့အနေဖြင့် အပြစ်ရှိသည်များကို ကျေပျောက်စေရန် ထေရ်ကြီးဝါကြီးများနှင့် လူကြီးသူမများထံမှ ဆုံးမစကားနားထောင်ရန် ပြုလုပ်တတ်သည့် ပဝါရဏာပွဲတော်ကို မွန်မြတ်လှသော ဤသီတင်းကျွတ်လပြည့်အချိန်အခါသမယ၌ ရှေးအစဉ်အဆက် လမ်းမှန်ညွှန်ပြချထားပေးခဲ့ပြီးဖြစ်သည်။ ယင်းဓလေ့ကိုအစဉ်အလာမပျက် ပြုလုပ်ခဲ့ကြသည်။ မြန်မာလူမျိုးများ၏ ကျက်သရေမင်္ဂလာရှိသော ကောင်းသောအလေ့အထအမှုများပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် ပြည်သူပြည်သားများအဖို့ ကျေးဇူးဆပ်ထိုက်သူများအား မဖြစ်မနေကျေးဇူးဆပ်ကြရမည်ဖြစ်သည်။ ဝန်ချတောင်းပန်ကန်တော့ခြင်းအမှုကိုလည်း ပြုသင့်သည်။ ခေတ်ကာလအခြေအနေအရ ခင်ပွန်းကြီး ၁၀ ပါးကို ပြစ်မှားမိသည်များလည်းရှိမည်။ မိမိတို့သည် ယခုပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ သံသရာဘဝ၌လည်းကောင်းသိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ခင်ပွန်းကြီး ၁၀ ပါးအား ပြစ်မှားမိပါက မည်မျှပင်လောကီလောကုတ္တရာအလုပ်တို့ကို ကြိုးစားအားထုတ်စေကာမူ အကျိုးပေးတန်သလောက် မပေးနိုင်ချေ။

သို့ဖြစ်ရာ ယခုကဲ့သို့သောသီတင်းကျွတ်ကာလအချိန်အခါသမယတွင် မိဘဆရာသမား၊ သက်ကြီးဝါကြီးများအား ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားကျူးလွန်ခဲ့မိသည်ရှိသော် ပြေပျောက်ပါစေခြင်းအကျိုးငှာ ဝန်ချတောင်းပန်ကန်တော့ကြရမည်ဖြစ်သည်။ ထိုသို့ဝန်ချတောင်းပန် ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် ဆိုးကျိုးပေးဆဲ၊ ဆိုးကျိုးပေးလတ္တံ့သော အကုသိုလ်အနန္တတို့သည် ကင်းစဉ်လွင့်ပျောက် မထိရောက်တော့ဘဲ ကောင်းကျိုးအနန္တဖြစ်ထွန်းစေနိုင်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့
ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( သံတွဲမြို့ )

၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇၊၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်

## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် အောက်တိုဘာ ၂၃**

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

# ချင်းတွင်းမြစ်တွင်းသွား ခရီးသည်တင်ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေး ကြပ်မတ်စစ်ဆေးလျက်ရှိ



**မုံရွာ အောက်တိုဘာ ၂၃**

ချင်းတွင်းမြစ်အတွင်း မုံရွာမြို့မှ အထက်ချင်းတွင်းဒေသဖြစ်သည့် ခန္တီးမြို့အထိ ပြေးဆွဲလျက်ရှိသော ခရီးသည်တင်အမြန်ရေယာဉ်များ လမ်းကြောင်းတစ်လျှောက် အန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ခရီးသည်ဦးရေအတိုင်း တင်ဆောင်ကြရန် ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ ပြည်သူတွေက ချင်းတွင်းမြစ်ကြီးကို အမှီပြုပြီး ခရီးသွားကြတယ်။ ကုန်စည်စီးဆင်းမှုတွေ လုပ်ဆောင်ကြတယ်။ အဓိကအနေနဲ့ ခရီးသည်တင်အမြန်ရေယာဉ်တွေပါ။ မတော်တဆမှုတွေဖြစ်လာရင် လူ့အသက်တွေ အများကြီးဆုံးရှုံးနိုင်တဲ့အတွက် ညွှန်ကြားချက်တွေ ထုတ်ပြန်ပေးတာပါ၊ ထုတ်ပြန်ပြီး ရေယာဉ်မှာ သတ်မှတ်ခရီးသည်ဦးရေထက် ပိုမိုတင်ဆောင်ခြင်းရှိ၊ မရှိ၊ အသက်ကယ်ပစ္စည်းတွေ ပြည့်စုံစွာပါရှိရေးတွေကို ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စတဲ့အဖွဲ့တွေနဲ့ ကြပ်မတ်စစ်ဆေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သန်းက ပြောသည်။

ပွင့်လင်းကာလ ရောက်ရှိတော့မည်ဖြစ်ပြီး ရေကြောင်းဖြင့် ခရီးသွားလာမှု များပြားလာမည်ဖြစ်သဖြင့် ခရီးသည်တင် အမြန်ရေယာဉ်များအနေဖြင့် သတ်မှတ်ခရီးသည်ထက်ပိုပြီး တင်ဆောင်ခြင်းရှိ၊ မရှိ စည်းကမ်းတကျ ခုတ်မောင်းသွားလာမှု ရှိ၊ မရှိ စစ်ဆေးကြပ်မတ်လျက်ရှိသကဲ့သို့ ရေယာဉ်များအနေဖြင့်လည်း စည်းကမ်းအတိုင်း လိုက်နာခုတ်မောင်းပြေးဆွဲကြရန် အောက်တိုဘာ ၁၇ ရက်တွင် တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# မအူပင်မြို့၌ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရေး အသိပညာပေး

**မအူပင် အောက်တိုဘာ ၂၃**

မအူပင်မြို့နယ်အတွင်းရှိပြည်သူများ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရေးအတွက် ယနေ့နံနက် ၁၀နာရီက ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြေစိုက်နံရံကပ်စာစောင်တွင် မုန်တိုင်းအန္တရာယ် အသိပညာပေးပိုစတာများကပ်ခြင်း၊ မုန်တိုင်းမတိုက်မီအချိန်၊ တိုက်နေစဉ်အချိန်နှင့် တိုက်ပြီးချိန်များတွင် ဆောင်ရွက်ရမည့်လမ်းညွှန်ချက်များကို ပြည်သူများဖတ်ရှုသိရှိနိုင်စေရန်အတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များအား ပြည်သူများထံ ဖြန့်ဝေရေးလုပ်ငန်းများကို ပူးပေါင်းအဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မီးထွန်းပွဲအလှ လပြည့်ည

❖ တာဝတိံသာနတ်နန်းမှ
ကြွမြန်းပြုမြတ်ဗုဒ္ဓါ
လမြတ်ချိန်ခါ။
ဆီမီးထွန်းညှိပူဇော်ကာ
ကုသိုလ်မဟာပွဲကျင်း။
သီတင်းကျွတ်ရာသီ ခါသမယ
လပြည့်ညခင်း။
❖ အချင်းချင်း အပြန်အလှန်ပြုပါလို့
ဖိတ်ကြားမှုတို့ ဝတ်နည်းမကွာ
ရဟန်းသံဃာ။
တောင်းပန်တိုက်တွန်း "ပဝါရဏာ"
ကျင်းပရာ လပြည့်ည။
ဗုဒ္ဓသာသနာ ရောင်ဝါအဆင်း
ထွန်းလင်းတောက်ပ။
❖ မိဘဆရာများကိုဖြင့်
ဦးချဝပ်တွား လက်ဆယ်ချီ
ကျေးဇူးကိုရည်။
ကုသိုလ်အထူးနဲ့ တို့မြန်ပြည်
ဆောင်းဦးရာသီ ဟေမန္တ။
မီးထွန်းပွဲတော် သီတင်းကျွတ်
ထွတ်မြတ်သည့်လ။ ။

အောင်မြင့်စိုး(ရေစကြို)

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၇၂

## ကုလသမဂ္ဂ၏ရည်မှန်းချက်များမှ

ကုလသမဂ္ဂအား ဖွဲ့စည်းတည်ထောင်ပြီးသည့်အချိန်မှစ၍ ကမ္ဘာကြီးသည် သိသာထင်ရှားစွာ ပြောင်းလဲလျက်ရှိသော်လည်း ကုလသမဂ္ဂပဋိညာဉ် အခြေခံမူများ၏ စံနှုန်းများသည် အဖိုးမဖြတ်နိုင်ဘဲ ပိုမိုအားကောင်းသည့် နိုင်ငံတကာဆက်ဆံရေးအတွက် ယနေ့ထက်တိုင် လမ်းညွှန်အဖြစ် တည်ရှိနေပါသည်။ ကုလသမဂ္ဂအနေဖြင့် ၎င်း၏ ဖွဲ့စည်းပုံနှင့် လုပ်ကိုင်ဆောင်ရွက်ပုံ နည်းလမ်းများကို ယနေ့ကမ္ဘာကြီး၏ ပြောင်းလဲလာသော အမှန်တရားများနှင့် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲနိုင်မည်ဆိုပါက ပိုမို ထိရောက်လိမ့်မည်ဖြစ်ပါသည်။

### အကောင်းဆုံးဆွေးနွေးနိုင်သည့် နေရာ

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကန့်သတ်ချက်များနှင့် လိုအပ်ချက်များရှိသော်လည်း အရေးကိစ္စများ ကိုင်တွယ်ဖြေရှင်းရာတွင် ကျွန်ုပ်တို့ ကမ္ဘာကြီးအား အသွင်ကူးပြောင်းမှုကို တွန်းအားဖြစ်စေသည့် အကောင်းဆုံးဆွေးနွေးနိုင်သည့် နေရာတစ်ခုအဖြစ် အထောက်အကူပြုပေးလျက် ရှိနေပါသည်။ ကျွန်ုပ်တို့ အားလုံးအတွက် ပိုမိုကောင်းမွန်၍ ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်စေရန် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်း အားထုတ်မှုများ၌ ချီးကျူးထိုက်သည့် အထောက်အကူပြု ဆောင်ရွက်မှုများကို ပြုလုပ်ပေးလျက်ရှိနေပါသည်။

ကုလသမဂ္ဂသည် ၂၀၃၀ ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (2030 Agenda UN SDGs) ချမှတ်ခြင်းမှတစ်ဆင့် လူသားများအားလုံး၏ စီးပွားရေးနှင့် လူမှုရေးတိုးမြှင့်ရေး တို့တွင် ထူးခြားထင်ရှားသော ဆောင်ရွက်ချက်များ ပြုလုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ ဘက်ပေါင်းစုံပါဝင်ပြီး အသွင်ကူးပြောင်းလျက်ရှိသော စီးပွားရေး ဖွံ့ဖြိုးမှုနှင့် လူမှုရေးဖွံ့ဖြိုးမှုတို့အတွက် လမ်းပြမြေပုံတစ်ရပ်အဖြစ် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) တစ်ရပ်အား ချမှတ်ရေးဆွဲထားပြီးဖြစ်ပါသည်။

### နိုင်ငံကြီးငယ်မရွေး သတိပြုလိုက်နာ

ယခုနှစ်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆောင်ပုဒ်မှာ "ငြိမ်းချမ်းမျှတပြီး ရေရှည် တည်တံ့သော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်စေရေးအတွက် ကမ္ဘာကို ဦးဆောင်ပေးနိုင်မှုနှင့် တာဝန်များ မျှဝေယူမှုရှိသည့် ပြည်သူအားလုံးနှင့် ဆီလျော်သော ကုလသမဂ္ဂဖြစ်စေရေး"ဟူ၍ ဖြစ်ပါသည်။ လူသား အားလုံးနှင့်ကိုက်ညီသော ကုလသမဂ္ဂဖြစ်စေရေးအတွက် နိုင်ငံများအကြား သာတူညီမျှမှုနှင့် အပြန်အလှန် လေးစားမှုကို မြှင့်တင်ရန်ဆိုသည့် ကုလသမဂ္ဂ ပဋိညာဉ်၏ မူဝါဒများကို မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို နိုင်ငံကြီးငယ်မရွေး သတိပြုလိုက်နာရန် လိုအပ်ပါသည်။

ကုလသမဂ္ဂ၏ စံနှုန်းများသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သဟဇာတဖြစ်ရေးတို့ကို မြှင့်တင်သွားရန်နှင့် ဘေးအန္တရာယ်နှင့် ရန်လိုမှုတို့ကို လျှော့ချရန်တို့အတွက် အဖွဲ့ကြီး၏ ချမှတ်ထားသော နည်းလမ်းများကို ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများက လိုအပ်သလို အသုံးချသည့်အပေါ်တွင် မူတည်နေပါသည်။ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ သမာသမတ်ကျခြင်း၊ ပညာရှင်ပီသခြင်း၊ အချုပ်အခြာအာဏာအား လေးစားလိုက်နာခြင်းတို့သည် ကုလသမဂ္ဂအဖွဲ့၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် အဓိကသော့ချက်များပင် ဖြစ်ပါသည်။

### စိန်ခေါ်မှုများကို ရင်ဆိုင်နေရ

ကမ္ဘာလုံးဆိုင်ရာ ကူးလူးဆက်နွယ်မှုအပေါ် ဆန့်ကျင်မှုကြီးထွားလာခြင်းကို ရင်ဆိုင်နေရသည့် ယခုအချိန်အခါတွင် နိုင်ငံပေါင်းစုံဝါဒနှင့် စည်းမျဉ်းများနှင့်ညီသည့် အမိန့်များအပေါ် မိမိတို့၏ယုံကြည်မှုကို ထပ်လောင်းအတည်ပြုလိုပါသည်။ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အရေးကြီးသည့် မှတ်ကျောက်များထဲမှ တစ်ခုဖြစ်ပါသည်။ နုနယ်သော ဒီမိုကရေစီနိုင်ငံအနေဖြင့် များစွာသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးမှုကို အသိအမှတ်ပြုပါသည်။

### မတူကွဲပြားမှုများကို ပေါင်းစပ်ညှိနှိုင်း

ယနေ့ကမ္ဘာကြီး၌ အမျိုးသားရေးစိတ်ဓာတ်၊ ဂိုဏ်းဂဏစွဲမှုန်းတီးရေးဝါဒနှင့် စီးပွားရေး မမျှတမှုတို့ မြင့်တက်လာခြင်းများကို ဝမ်းနည်းဖွယ်ရာ မျက်မြင်ကြုံတွေ့ရလျက်ရှိပါသည်။ ယင်းကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းရာတွင် အဖွဲ့ဝင်များအားလုံး သို့မဟုတ် လူ့အဖွဲ့အစည်းများ၏ စိုးရိမ်မှုများကို ထည့်သွင်း စဉ်းစားပြီး ကိစ္စတစ်ခုချင်းစီအပေါ် မတူညီသောရှုထောင့်များမှ အမြင်များကို ထည့်သွင်းစဉ်းစားသွားရန် လွန်စွာအရေးကြီးပါသည်။ မတူကွဲပြားမှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းသည် ကမ္ဘာကြီး၏ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ရေးကို မြှင့်တင်ရန် အမှန်တကယ် လိုလားသူများ၏ အဓိကရည်မှန်းချက် ဖြစ်သင့်ပါသည်။

ကုလသမဂ္ဂ၏ မင်္ဂလာရှိသော (၇၃) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် မိမိအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်ပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများဆိုင်ရာ မြန်မာနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုကြောင်းနှင့် ကုလသမဂ္ဂ၏ကြီးမြတ်သော ရည်မှန်းချက်များအား အကောင်အထည်ဖော်နိုင်ရန်အတွက် မိမိတို့အနေဖြင့် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ ပြုလုပ်ရန် ဆန္ဒပြုပါသည်။

# ပဲခူးတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်များအား ကူညီထောက်ပံ့

**ပဲခူး အောက်တိုဘာ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကဝနှင့် သနပ်ပင်မြို့နယ်များအတွင်း အောက်တိုဘာ ၂၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပြိုလဲခြင်း၊ အမိုး လန်ခြင်းများဖြစ်ပွားမှုကို သွားရောက်အားပေးကူညီ ထောက်ပံ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသ ကြီးအစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကဝမြို့နယ် သက္ကလမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ လေပြင်းတိုက်ခတ်မှုကြုံတွေ့ရသည့် ဒေသခံပြည်သူများ နှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားရာတွင် လူမှုစီးပွား ဘဝကို အဟန့်အတားဖြစ်စေမည့် လူကြောင့်ဖြစ်သော ဘေး၊ သဘာဝကြောင့်ဖြစ်သောဘေး မည်သည့်ဘေးမျိုးကို ခံစားရသည်ဖြစ်စေ ကူညီထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း



သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံ တကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်း၍ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုလျော့ပါးရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးကျရောက်ပါက လိုအပ်သောကူညီပံ့ပိုးမှုများကိုလည်း မဆိုင်းမတွထောက်ပံ့ ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အလျင်အမြန် အကောင် အထည်ဖော်နိုင်ရေးအတွက် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ဒဏ်ခံစားရ မှုများသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတား ဖြစ်စေသဖြင့် ဘေးအန္တရာယ်လျော့ပါးရေးဆောင်ရွက်မှု များတွင် ပူးပေါင်းပါဝင်ကြစေလိုကြောင်း ပြောကြား သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘေးသင့် ပြည်သူများအတွက် အားပေးစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ကဝမြို့နယ်အတွင်းရှိ ဘေးသင့် အိမ်ထောင်စု ၁၅၈၆ စုအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၄၈၁၈၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၇၂၅၇၀၀၀၀၊ သနပ်ပင်မြို့နယ်အတွင်းရှိ ဘေးသင့်အိမ်ထောင်စု ၂၇၄ စုအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၆၅၉၀၀နှင့် အိမ်ဆောက် ပစ္စည်းတန်ဖိုးငွေကျပ် ၉၆၉၀၀၀၀ တို့အား ထောက်ပံ့ပေး အပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သက္ကလ ကျေးရွာအတွင်း သုံးမြွှာပူးကလေးမွေးဖွားသည့် မိသားစု တစ်စုကို လူမှုကာကွယ်စောင့်ရှောက်မှုအဖြစ် ငွေကျပ် ငါးသိန်းထောက်ပံ့ပေးအပ်ရာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သက္ကလစံပြကျေးရွာရှိ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် များပြိုလဲခြင်း၊ အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သော မိသားစု ဝင်များကို တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး၏ ပဲခူးတိုင်းဒေသကြီးခရီးစဉ် အတွင်း စုစုပေါင်းထောက်ပံ့ငွေကျပ် ၈၆၄၀၇၇၀၀ ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ခွဲစိတ်ကုသမှုပေးလျက်ရှိ

**သံတွဲ အောက်တိုဘာ ၂၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် သံတွဲခရိုင် ပြည်သူ့ ဆေးရုံကြီး၌ ယနေ့နံနက်ပိုင်းမှ စတင်ကာ သုံးရက် တိုင်တိုင် အခမဲ့ခွဲစိတ်ကုသမှုပေးလျက်ရှိကြောင်း သိရ သည်။

သံတွဲခရိုင်ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ကုသရေးအဖွဲ့ တွင် ရန်ကုန်မြို့မှ ဆေး(၁)၊ဆေး(၂)က သမားတော်ကြီး များ၊ ပါမောက္ခ ဆရာဝန်ကြီးများ၊ အထူးကုများ၊ ဌာနမှူး များ၊ ဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့ ၃၀ ဦးနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ ကျန်းမာရေးဦးစီးဌာနမှ ၃၀ ဦး စုစုပေါင်း ၆၀ တို့က နှလုံး၊ သားဖွားမီးယပ်၊ ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ အရိုးအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ၊ ဦးနှောက်အာရုံကြော၊ စိတ်ရောဂါနှင့် အရေပြားရောဂါ များကို အခမဲ့ ကုသပေးလျက်ရှိသည်။ ဆေးကုသရာ တွင် ဆေးဝါးနှင့် ဆေးပစ္စည်းများကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လာရောက်ဆေးကုသမှုခံယူသူ ၁၅၀၀ ကို ကုသပေး သွားမည်ဖြစ်ကြောင်း၊ ဆေးကုသခံယူရန်အတွက် လာရောက်သည့် ဒေသခံများကို ဇီးကျွန်းသားဆောက်လုပ် ရေးကုမ္ပဏီက နေ့လယ်စာဖြင့် လှူဒါန်းကျွေးမွေးလျက် ရှိကြောင်း သံတွဲခရိုင်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာ ကျော်နိုင်ဝင်းက ပြောကြားသည်။

အဆိုပါဆေးကုသရာနေရာသို့ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ဆေးကုသခံယူရန် လာရောက်ကြသော ဒေသခံပြည်သူများကို အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်း-ဖြိုးဝေလင်း(ပြန်/ဆက်)**
**ဓာတ်ပုံ-အောင်နိုင်(ပြန်/ဆက်)**



# တီးတိန်မြို့၌ ရိုးရာခွာဒိုပွဲ ကျင်းပ

**တီးတိန် အောက်တိုဘာ ၂၃**

ချင်းပြည်နယ် တီးတိန်မြို့တွင် ရိုးရာခွာဒိုပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် စကောလမ်း ရပ်ကွက် ကမ်းဟောက်ခန်းမ၌ ကျင်းပရာ Rev. ဝုန်ဆွင့် မုန်က အဖွင့်ဆုတောင်းမေတ္တာပို့သပြီး ချင်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုနှင့် သစ်တောရေးရာဝန်ကြီး တီးတိန်မြို့နယ် တာဝန်ခံဝန်ကြီး ဦးမန်ဟင်းဒါလ်းက မိန့်ခွန်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဂိုဆွင်းခိုင်က ရိုးရာခွာဒိုပွဲတော် စာတမ်း ဖတ်ကြားသည်။ ထို့နောက် ရိုးရာခွာဒိုပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဆွောင်းဇနန်က ကျေးဇူးတင်စကား ပြောကြားသည်။

ခွာဒိုပွဲအခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုနှင့် သစ်တောရေးရာဝန်ကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂင့်ကမ်းလျန်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထန်ဒိတ်ခုပ်နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ ပွဲတော်ကို အောက်တိုဘာ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရိုးရာအကများ၊ ပျော်ပွဲ ရွှင်ပွဲများဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရတနာစိန်ဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

❂ သပြေညီနောင်မှ

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် လားရှိုးမြို့ အေတီတပ်ဦး ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဥတ္တမ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား ဘန့်ဘွေးကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး သပြေညီနောင် အောင်ဇေယျ မုနိစေတီတော် ပြုပြင်မွမ်းမံနိုင်ရန်အတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၅၀ အား ငုက္ခလေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စန္ဒိမာထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် တိုင်းမှူးတို့က ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ နောင်ချိုမြို့ ဘန့်ဘွေးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဉတ္တရထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည် ပူဇော်ကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာ ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူ ပူဇော်ကြသည်။

ထို့နောက် သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းမှသာ တစ်ကမ္ဘာလုံးတွင် အခွင့်အလမ်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းအတွက် မျှော်လင့်ချက်တိုးမြင့်လာနိုင်

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ကမ္ဘာ့ကုလသမဂ္ဂနေ့အတွက် ပေးပို့သော သဝဏ်လွှာ

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

"ကမ္ဘာသူကမ္ဘာသား" အပေါင်းတို့၏ မျှော်လင့်ချက်များ၊ အိပ်မက်များနှင့် ရည်မှန်းချက်များကိုဖော်ထုတ်ရန် ရေးဆွဲခဲ့သည့် သမိုင်းဝင်စာတမ်းဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂ၏ ပဋိညာဉ်စာချုပ်ပေါ်ပေါက်သည့်နေ့သည် ကမ္ဘာ့ကုလသမဂ္ဂနေ့ ဖြစ်သည်။

၎င်းစာချုပ်၏ လက်တွေ့အနှစ်သာရကိုဖော်ဆောင်ရန် ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်နေသော အမျိုးသား၊ အမျိုးသမီးတိုင်း နေ့စဉ်ကြိုးပမ်းလုပ်ဆောင်ကြသည်။

အခက်အခဲများနှင့် အတားအဆီးများရှိသော်လည်း ကျွန်ုပ်တို့ အားမလျှော့ပါ။

အလွန်အမင်းဆင်းရဲမွဲတေမှုများ လျော့ကျနေသော်လည်း ဆင်းရဲချမ်းသာကွာဟမှု ကြီးထွားလာနေပါသည်။

သို့သော် ကျွန်ုပ်တို့အားမလျှော့ပါ။ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းမှသာ တစ်ကမ္ဘာလုံးတွင် အခွင့်အလမ်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းအတွက် မျှော်လင့်ချက်တိုးမြင့်လာနိုင်ကြောင်း ကျွန်ုပ်တို့သိနားလည်ကြသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ကျွန်ုပ်တို့တားဆီးဆောင်ရွက်နိုင်သည်ထက် ပိုမိုမြန်ဆန်နေပါသည်။ သို့သော် ကျွန်ုပ်တို့အားလျှော့၍မရပါ။ ရာသီဥတုဆိုင်ရာ ရင်ဆိုင်ဆောင်ရွက်ချက်များဖြင့်သာ ဖြေရှင်းနိုင်ကြောင်း ကျွန်ုပ်တို့သိရှိကြပါသည်။

နေရာများစွာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေပါသည်။ သို့သော် ကျွန်ုပ်တို့ အားလျှော့၍မရပါ။ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို လေးစားမှုရှိခြင်းသည် ငြိမ်းချမ်းရေးအတွက် အခြေခံကျသော အခြေအနေတစ်ရပ်ဖြစ်သည်ကို ကျွန်ုပ်တို့ သိနားလည်ကြပါသည်။

ပဋိပက္ခများ ပွားများနေပါသည်။ လူများသည် ဆင်းရဲဒုက္ခကြုံနေရပါသည်။ သို့သော် ကျွန်ုပ်တို့အားလျှော့၍ မရပါ။ အမျိုးသားတိုင်း၊ အမျိုးသမီးတိုင်းနှင့် ကလေးသူငယ်တိုင်းသည် ငြိမ်းချမ်းသည့်ဘဝနှင့် ထိုက်တန်သည်ကို ကျွန်ုပ်တို့သိကြပါသည်။

ကုလသမဂ္ဂနေ့တွင် ကျွန်ုပ်တို့၏သန္နိဋ္ဌာန် ပိုမိုခိုင်မြဲအောင် လုပ်ဆောင်ကြပါစို့။

ကျိုးပဲ့နေသောယုံကြည်မှုများကို ပြန်လည်ပြုပြင်တည်ဆောက်ကြပါစို့။

ကျွန်ုပ်တို့ ကမ္ဘာကြီးကို ကုစားကြပါစို့။

မည်သူမျှ ချန်မထားရန် ကြိုးစားကြပါစို့။

စည်းလုံးညီညွတ်သော နိုင်ငံများဖြစ်သည့်အလျောက် လူတိုင်း၊ လူတိုင်းအတွက် ဂုဏ်သိက္ခာမြင့်တင်ထိန်းသိမ်းကြပါစို့။ ။

# မြန်မာ-နယ်သာလန် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း နှစ်(၇၀) ပြည့် အထိမ်းအမှတ် ပန်းသဘင်ပွဲတော် ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံနှင့်နယ်သာလန်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ပန်းသဘင်ပွဲတော်ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "နယ်သာလန်နဲ့မြန်မာသံတမန် ဆက်ဆံခဲ့တာ နှစ်၇၀ ဆိုတာ တကယ်ကို ခိုင်မာရင်းနှီးတဲ့ မိတ်ဆွေအရင်းအချာတွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း တစ်ချိန်ချိန်မှာ စိုက်ပျိုးရေးကဏ္ဍမှာ ပန်းမန်တွေနဲ့ နိုင်ငံတကာအထိ ဆောင်ရွက်နိုင်ဖို့ဆိုရင် ဒီကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်နေပြီး နည်းပညာတိုးတက်တဲ့ နိုင်ငံကြီးတွေကြားမှာ မိတ်ဆက်တဲ့ သဘောမျိုးဖြစ်ပါတယ်"ဟု ပြောသည်။

၎င်းကဆက်လက်၍ "ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ နည်းပညာပိုင်းက အရေးကြီးပါတယ်။ ဈေးကွက်အရေးကြီးပါတယ်။ ဒါကြောင့် ဒီအပိုင်းတွေကို ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတွေနဲ့ရှေ့ဆက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ဖို့ မျှော်လင့်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ စိုက်ပျိုးနေတဲ့ စိုက်ပျိုးရေးကဏ္ဍနယ်ပယ်ကိုလည်း ပိုပြီး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရမှာဖြစ်သလို ဒီမှာရှိတဲ့ ထွက်ကုန်ကို နိုင်ငံတကာသို့ပို့မယ်ဆိုရင် ရန်ကုန်ဟာ အလားအလာအကောင်းဆုံးမြို့ဖြစ်ပါတယ်။ လေယာဉ်ကွင်းတွေရှိတယ်။ ဆိပ်ကမ်းတွေရှိတယ်။ ရန်ကုန်ရဲ့စိုက်ပျိုးရေး MasterPlan ကိုလည်းရေးဆွဲထားပြီးဖြစ်ပါတယ်။ ဒီပေါ်ကနေမူတည်ပြီး ရှေ့ဆက်ဆောင်ရွက်သွားဖို့အတွက် နယ်သာလန်ဟာ မြန်မာနိုင်ငံအတွက် မိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်ပြီး အတူလက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ ပန်းသဘင်ပွဲတော်ကျင်းပရန် ပန်းပညာရှင်များ၊ ပန်းအလှဆင်အထောက်အပံ့ပစ္စည်းများ၊ နည်းစနစ်များနှင့် ပွဲတော်ကျင်းပရေးအတွက် လိုအပ်သော အထောက်အပံ့များကို နယ်သာလန်နိုင်ငံမှ ကူညီပံ့ပိုးပေးခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ပညာရှင်များနှင့်ပူးပေါင်းကာ ဖန်တီးတင်ဆက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ ပွဲတော်ကာလအတွင်း ပန်းအလှဆင်မှုပညာရပ်များနှင့် နည်းပညာမျှဝေခြင်းတို့ကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နယ်သာလန်နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ အကြံပေး မစ္စတာ ဖရေ့ဒရစ်ခ် ဟိုင်းအင့်ခ်က "နယ်သာလန်မှာ ဒီလို ပန်းပွဲကျင်းပဖို့ဆို အချိန်အကြာကြီးပေးရတယ်။ ဒီမှာတော့ ခဏပဲအချိန်ယူပြီး လုပ်ဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအတွက် ပန်းမျိုးစိတ်သစ်တွေ တင်သွင်းခဲ့ပါတယ်။ စိုက်ပျိုးရေးနည်းပညာကောင်းတွေ အကြံဉာဏ်ကောင်းတွေပေးနေပါတယ်။ မြန်မာအစိုးရနဲ့ ပူးပေါင်းပြီး ပန်းဈေးကွက်ချဲ့ထွင်သွားဖို့ ရှိပါတယ်"ဟု ပြောသည်။

နယ်သာလန်နိုင်ငံတွင် Bloemencorso ဟုခေါ်သည့် အဆိုပါပွဲတော်သည် ပန်းများဖြင့်ပုံဖော်ထားသည့် အရုပ်ကားကြီးများဖြင့် စီတန်းလှည့်လည်သည့် ပွဲတော်ကြီးတစ်ခုဖြစ်ပြီး ဥရောပနိုင်ငံ အတော်များများတွင် ကြီးကျယ်ခမ်းနားစွာကျင်းပလေ့ရှိကြောင်းနှင့် အာရှတိုက်အနေဖြင့် ထိုင်းနှင့် ဖိလစ်ပိုင်ပြီးလျှင် မြန်မာနိုင်ငံသည် တတိယမြောက် ပန်းသဘင်ပွဲတော်ကျင်းပသည့် နိုင်ငံဖြစ်ကြောင်းသိရသည်။

အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်ထိ သုံးရက်တိုင် ပြုလုပ်မည့် အဆိုပါပွဲတော်တွင် ပန်းများဖြင့်အလှဆင်ထားသည့် နယ်သာလန်နှင့် မြန်မာတို့၏ ရိုးရာအထိမ်းအမှတ်အရုပ်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ကျူးသော မြန်မာ့ရိုးရာ ရုပ်သေးအနုပညာတင်ဆက်ခြင်း၊ ဆီမီးခွက်အက အပါအဝင် မြန်မာ့ယဉ်ကျေးမှုအကများ၊ အနုပညာဖျော်ဖြေမှုများနှင့် ဂန္ထဝင်တေးဂီတများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ပန်းအလှဆင်ကားများဖြင့် ပန်းသဘင်ပွဲတော်ဆင်ယင်ကျင်းပထားမှုများကို မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ပန်းသဘင်ပွဲတော်သို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့မှ ပန်းပညာရှင်များနှင့် ပန်းဝါသနာရှင်များ တက်ရောက်ကြသည်။

**သီသီမင်း၊ ဓာတ်ပုံ- မင်းမင်း**

# တရားဥပဒေစိုးမိုးမှုခိုင်မာရေး

■ ကမ္ဘာပေါ်တွင်ရှိသည့် အသွင်ကူးပြောင်းရေးနိုင်ငံများ၏ ဖြစ်စဉ်များကို လေ့လာသုံးသပ်ချက်အရ တရားဥပဒေစိုးမိုးမှုခိုင်မာအောင်တည်ဆောက်နိုင်ရန် အနည်းဆုံးပျမ်းမျှ (၁၀)နှစ်အထိ အချိန်ယူရကြောင်း တွေ့ရှိရပါသည်။ တိုင်းရင်းသားပြည်သူအားလုံး လုံခြုံအေးချမ်းစိတ်ချမ်းသာစွာ နေထိုင်နိုင်ကြရန် တရားဥပဒေစိုးမိုးမှု ခိုင်မာအားကောင်းသည့် လူ့ဘောင်အဖွဲ့အစည်းအတွင်းတွင် နေထိုင်ရှင်သန်နိုင်ရေးသည် အရိုန်အဟုန်မြှင့်ပြီး ရေရှည်ကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

*(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)*

# အာဆီယံ+ဂျပန် အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ASEAN +Japan အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တက်ရောက်ပြီး အခမ်းအနားတွင် သဘာပတိအဖြစ် ဆောင်ရွက်ကာ အဖွင့်မိန့်ခွန်းပြောကြားသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ဂျပန်နိုင်ငံ (Japan Sports Agency Specialist, International Affairs Division) မှ Mr.Kumekawa Hirokazu နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနား တက်ရောက်ကြသူများ အားလုံးက အာဆီယံအလံကို အလေးပြုကြပြီး အာဆီယံကိုယ်စားလှယ်ကြီးများက စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ဆက်လက်၍ ဒုတိယဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားရာတွင် ယခု ဂျပန်အာဆီယံ(အားကစား)ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အစီအစဉ်များစွာ ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ Mr. Kumekawa Hirokazu အား ဂျပန်နိုင်ငံ အာဆီယံ အားကစားဆိုင်ရာ ပြောဆိုခွင့်ရှိသူအဖြစ် ဖိတ်ခေါ်ပါကြောင်း၊ ဂျပန်နှင့် အာဆီယံအားကစားကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဂျပန်-အာဆီယံ ရင်းနှီးချစ်ကြည်ရေးကို ပိုမိုခိုင်မြဲလာမည်ဖြစ်ပါကြောင်း၊ 2020 Tokyo Olympic ပြိုင်ပွဲနှင့် Paralympic ပြိုင်ပွဲတွင် အာဆီယံဒေသတွင်း နိုင်ငံများမှ ပြည်သူများ အထူးသဖြင့် ပိုမိုပါဝင်ယှဉ်ပြိုင်လာနိုင်မည်ဆိုပါက ဒေသတွင်းရှိ ပြည်သူများပိုမို ကျန်းမာကြံ့ခိုင်သော လူနေမှုဘဝကို ရရှိမည်ဖြစ်ပါကြောင်း၊ ပြည်သူများ ပိုမိုပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အာဆီယံနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဂျပန်-အာဆီယံနိုင်ငံကြီးများတွင် အားကစားကဏ္ဍ မူဝါဒများ၊ လမ်းညွှန်ချက်များ၊ နည်းဗျူဟာများ၊ ဆောင်ရွက်ချက်များ အပြန်အလှန်ဆွေးနွေးခြင်းများ၊ လူသားအကျိုးပြု လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂျပန်-အာဆီယံနိုင်ငံများအကြား အားကစားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ASSC ၏မူဝါဒနှင့်အညီ ၂၀၂၅ထိ ရည်မှန်းချက်ထား၍ ၂၀၁၆-၂၀၂၀ ထိ လုပ်ငန်းစဉ်များ အသေးစိတ် ချမှတ်ဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် Physical Education Teachers and Coaches လုပ်ငန်းစဉ်များ၊ အားကစားကဏ္ဍတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေး လုပ်ငန်းစဉ်များ၊ မသန်စွမ်းအားကစားတွင် နည်းစနစ်ပံ့ပိုးမှုဆိုင်ရာကိစ္စရပ်များ၊ တားမြစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းသည် ယခင်နှစ်က ပြုလုပ်ခဲ့သော အာဆီယံ+ ဂျပန်နိုင်ငံ ဝန်ကြီးအဆင့်အစည်းအဝေး (AMMS+ Japan) ၏ အစည်းအဝေးဆုံးဖြတ်ချက် တစ်စိတ်တစ်ပိုင်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**တတ်စွမ်းသရွေ့ ကူညီသွားမည်**

ယင်းနောက် ဂျပန်နိုင်ငံမှ Mr. Kumekawa Hirokazu က ယခုကဲ့သို့ ဂျပန်-အာဆီယံအားကစားဆိုင်ရာ ကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ဂျပန်နှင့် အာဆီယံနိုင်ငံများအကြား ပိုမိုချစ်ကြည်ရင်းနှီးသော အသိုင်းအဝိုင်းတစ်ခုကို ထူထောင်နိုင်ခြင်းဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အာဆီယံအားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုထောက်ပံ့ကူညီရန် အဆင်သင့်ရှိပါကြောင်း၊ မကြာမီက အင်ဒိုနီးရှားနိုင်ငံ၌ 18th Asian Games အောင်မြင်စွာ ကျင်းပနိုင်ခြင်းကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထိုပြိုင်ပွဲ ကျင်းပခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ လူနေမှုဘဝနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများ ပိုမိုမြှင့်တင်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၉ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ 30th SEA Games ကိုကျင်းပတော့မည်ဖြစ်ပါကြောင်း၊ ယင်းပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဂျပန်နိုင်ငံမှ တတ်စွမ်းသရွေ့ ကူညီသွားမည်ဖြစ်ပါကြောင်း၊ 2020 Tokyo Olympic ပြိုင်ပွဲကို အာဆီယံဒေသတွင်းရှိနိုင်ငံများ ပိုမိုပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်းနှင့် ဂျပန်နိုင်ငံကလည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံး တာဝန်ရှိသူတစ်ဦးက ၂၀၁၆-၂၀၂၀ ကာလတွင် ဂျပန်+အာဆီယံနိုင်ငံများအကြား အားကစားဆိုင်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ် လေးခုကို ဦးစီးလုပ်ငန်းများသတ်မှတ်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးပေးရန်တင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတွင် တက်ရောက်လာကြသော အဆင့်မြင့်အရာရှိကြီးများက ဝိုင်းဝန်းဆွေးနွေးကြပြီး ဦးစားပေးလုပ်ငန်းစဉ်အဖြစ် Physical Education Teachers and Coaches လုပ်ငန်းစဉ်များ၊ ဒုတိယဦးစားပေးအဖြစ် အမျိုးသမီးများ အားကစားကဏ္ဍတွင် ပိုမိုပါဝင်လာစေရေးလုပ်ငန်းများ၊ တတိယဦးစားပေးအဖြစ် မသန်စွမ်းအားကစား၌ နည်းစနစ်၊ နည်းပညာထောက်ပံ့ပေးနိုင်ရေးလုပ်ငန်းစဉ်များ၊ စတုတ္ထဦးစားပေးအဖြစ် တားမြစ်ဆေးဝါးဆိုင်ရာ လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ခဲ့သည်။

**ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာကြသော အဆင့်မြင့်အရာရှိကြီးများအား ဂျပန်နိုင်ငံမှကူညီ၍ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြကြရာ မြန်မာနိုင်ငံနှင့် ပူးပေါင်း၍ ဂျပန်-မြန်မာ နှစ်နိုင်ငံ အားကစားနည်းအလိုက် ပူးတွဲလေ့ကျင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဂျပန်နိုင်ငံမှ အားကစားနည်းအလိုက် နည်းပြများကူညီထောက်ပံ့ရေး အထူးသဖြင့် Physical Fitness၊ GYM ဆိုင်ရာနည်းပြများ ရရှိရေးကိစ္စရပ်များ၊ မသန်စွမ်းအားကစားနည်းတွင် နည်းစနစ်များ ကူညီထောက်ပံ့ပေးနိုင်ရေး ကိစ္စရပ်များ၊ အားကစားနည်းများအလိုက် ပူးတွဲလေ့ကျင့်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ဖွင့်လှစ်ထားရှိသည့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းရှိ ကျောင်းသား ကျောင်းသူများတွင် အားကစားနည်းအလိုက် နည်းပြများ လာရောက်သင်ကြားပေးနိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ B.Sc (Sports) ကျောင်းသား ကျောင်းသူများတွင် အားကစားနည်းအလိုက် နည်းစနစ် အချိန်ပိုင်း လာရောက်သင်ကြားပေးနိုင်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ အားကစားသမားနည်းပြများအား Scholarship ပေးနိုင်ရေးကိစ္စရပ်များကို တင်ပြခဲ့ပြီး တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများက မိမိတို့နိုင်ငံအလိုက် ဂျပန်နှင့်ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်သည့် Sports Science Institute လုပ်ငန်းကိစ္စရပ်များ၊ နိုင်ငံအလိုက် အားကစားဆိုင်ရာ သဘောတူညီချက်များ၊ ဂျပန်နိုင်ငံနှင့် MoU လက်မှတ်ရေးထိုးရေးကိစ္စရပ်များကို အသီးသီးဆွေးနွေးခဲ့ကြရာ ဂျပန်နိုင်ငံမှ Mr. Kumekawa Hirokazu က အပြန်အလှန် ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဂျပန်-အာဆီယံအားကစားဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များမှ အမျိုးသမီးများ အားကစားကဏ္ဍတွင် ပိုမိုလှုပ်ရှား ပါဝင်ဆောင်ရွက်နိုင်ရေး ခေါင်းစဉ်ဖြင့် တက်ရောက်လာကြသော ဂျပန်-အာဆီယံ အဆင့်မြင့် အရာရှိကြီးများက ဝိုင်းဝန်းအထူးပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တာမွေမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး စေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

တာမွေမြို့နယ်အတွင်းရှိ လစ်လပ်မဲဆန္ဒနယ် နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး စေ့စပ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းပိုင်က ကြိုတင်မဲကိစ္စနှင့် ကြိုတင်မဲလက်မှတ် အခြေအနေများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မဲစာရင်းမိတ္တူ အမြန်ဆုံးပေးနိုင်ရန် ဆောင်ရွက်နေသည့် အစီအစဉ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့်လည်း ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးမှုနှင့် အကြံပေးမှုများ၊ အောက်တိုဘာ ၂၉ ရက်တွင် ပြုလုပ်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ဟောပြောပွဲကိစ္စများအား ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ပါတီကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းပိုင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

**နိုင်လင်းအောင် (မြန်/ဆက်)**

# အရည်အသွေးမြင့် မြန်မာ့ပညာရေးအတွက် ပေါင်းစုတာဝန်နှင့် မိဘများ၏အခန်းကဏ္ဍ

"Achieving quality education is a responsibility for all major stakeholders in education. For instance, government cannot be blamed for poor performance of pupils in schools. Teachers, head teachers, education supervisors, pupils and parents should be able to ensure that kids are in school and learning for an enhanced performance."

IDDRISU BARIHAM, TEACHER TRAINER, GHANA

“အရည်အသွေးမြင့်ပညာရေးကိုရရှိစေရန် ပညာရေးနှင့် အဓိကပတ်သက်ဆက်နွှယ်သူများ၏တာဝန် ဖြစ်ပေသည်။ ဥပမာအားဖြင့် ကျောင်းများတွင် ပညာအရည်အသွေးနိမ့်ကျမှုကို အစိုးရကိုသာ အပြစ်တင်ရန်မဟုတ်ပေ။ ကလေးများ ကျောင်းနေမြဲစေရန်၊ အရည်အသွေးတိုးတက်စေရန် အချက်များကို ဆရာများ၊ ကျောင်းအုပ်များ၊ ပညာရေးကြီးကြပ်သူများ၊ မိဘများနှင့် ကျောင်းသားများကိုယ်တိုင် ပေါင်းစု၍ တာဝန်ခံဆောင်ရွက်ရမည်ဖြစ်ပေသည်။”

**ဂါနာနိုင်ငံ၊ ဆရာအတတ် လေ့ကျင့်ရေးဆိုင်ရာပညာရှင် အစ်ဒရိစုဘာရီဟာမ်**

ဤအချက် မှန်ကန်ကြောင်း နိုင်ငံတကာမှ ပညာရေးပညာရှင်များက ထောက်ပြလျက်ရှိပေရာ ကျောင်းသားများ ပညာအရည်အသွေးမြင့်မားရန်မှာ ကျောင်းအုပ်များ၊ ပညာရေးကြီးကြပ်သူများ၊ မိဘများနှင့် ကျောင်းသားများ အပါအဝင် ပညာရေးနှင့် ပတ်သက်ဆက်နွှယ်သူများအားလုံး၌ တာဝန်ရှိပါသည်။ မြန်မာ့ပညာရေးအတွက် ဤဆောင်းပါးရှင်က အောက်တိုဘာလ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် “ဆရာ ဆရာမအရည်အသွေးနှင့် စိတ်ဓာတ်မြင့်မားခြင်းသည်သာ ပညာရေးစနစ်၏ အသက်ပါ” ဟူသော ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါးကို တင်ပြခဲ့ရာ မိတ်ဆွေများက ဆရာ၊ မိဘ၊ ကျောင်းသားနှင့် အစိုးရဘက်စုံညီရန်နှင့် ဆရာများသာမက မိဘနှင့် ကျောင်းသားများလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း စာများပေးပို့လာသဖြင့် ဤဆောင်းပါးကို ယခင်ဆောင်းပါး၏နောက်ဆက်တွဲအဖြစ် တင်ပြလိုက်ပါသည်။

**မိဘများ၏ပညာရေးတာဝန်ကျေပွန်ဖို့ ကလေးများကို မဖြစ်မနေကျောင်းအပ်စို့**

အမျိုးသားပညာရေးဥပဒေ ၂၀၁၄ ခုနှစ်၊ အခန်း (၈) “ပညာရေးဆိုင်ရာ တာဝန်နှင့် အခွင့်အရေးများ” အခန်းရှိ ပုဒ်မ (၄၅)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

“မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ကလေးများကို ကျောင်းနေအရွယ်တွင် နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့ မသင်မနေရပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာကျောင်းသို့ မဖြစ်မနေကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့် ပြီးမြောက်သည်အထိ ယူစေရန် တာဝန်ရှိသည်။”

ယနေ့ ကမ္ဘာ့နိုင်ငံအချို့တွင် မသင်မနေရပညာရေးဥပဒေ (Compulsory Education Law)ကို ပြဋ္ဌာန်းထားပြီး မိမိကလေးကို ကျောင်းမအပ်သော မိဘများကို ထောင်ဒဏ်ချမှတ်သည်အထိ ဥပဒေအရ အပြစ်ပေးနိုင်ပါသည်။ မြန်မာနိုင်ငံတွင် အချို့သောမိဘများ၏ လူမှုစီးပွားဘဝအခက်အခဲကိုထောက်ရှု၍ အပြစ်ဒဏ်ဖော်ပြမထားသော်လည်း နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော အရည်အသွေးမြင့် လူသားအရင်းအမြစ် ပေါ်ထွန်းရေးအတွက်လည်းကောင်း၊ မဖြစ်မနေ ပညာတတ်နိုင်ငံတည်ဆောက်ရန် လိုအပ်သောကြောင့်လည်းကောင်း မိဘများအနေဖြင့် မိမိကလေးများကို မဖြစ်မနေ ကျောင်းအပ်ရမည်ဖြစ်ပေသည်။ အသက်ငါးနှစ်ပြည့်ပြီးသည့်ကလေးများကို သူငယ်တန်းသင်ယူရန်နှင့် အသက်ခြောက်နှစ်ပြည့်ပြီးသည့်ကလေးများကို ပထမတန်းသင်ယူရန် ကျောင်းအပ်ရမည်ဖြစ်သည်။ ထို့အပြင် မူလတန်းအဆင့်တွင် ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများက မဖြစ်မနေ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် လိုအပ်ပါသည်။ ပညာရေးဝန်ကြီးဌာနကလည်း ကျောင်းဖွင့်ရက်သတ္တပတ်တွင် ပိုစတာများဖြန့်ဝေခြင်း၊ ဆိုင်းဘုတ်များစိုက်ထူခြင်းနှင့် မီဒီယာများမှ ထုတ်လွှင့်ခြင်းတို့အပြင် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး၊ ကျောင်းနေမြဲရေးနှင့် ပညာရည်မြင့်မားရေးတို့အတွက် မိဘများ ပူးပေါင်းဆောင်ရွက်ရန် နှိုးဆော်လျက်ရှိပါသည်။

အမျိုးသားပညာရေးဥပဒေ ၂၀၁၄ ခုနှစ်၊ အခန်း(၈) “ပညာရေးဆိုင်ရာ တာဝန်နှင့် အခွင့်အရေးများ” အခန်းရှိ ပုဒ်မ(၄၆)တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်-

“မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ဤဥပဒေနှင့် သက်ဆိုင်ရာပညာရေးဥပဒေတို့အရ ဖွင့်လှစ်တည်ထောင်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့်ညီညွတ်ပါက မိမိ၏ကလေးကို ကျောင်းအပ်ပိုင်ခွင့်ရှိသည်။”

အထက်ဖော်ပြပါအချက်မှာ မိဘများအတွက် ကျောင်းအပ်ပိုင်ခွင့်ကို ဖော်ပြထားသကဲ့သို့ ကလေးများ၏ ပညာရေးသင်ယူခွင့်နှင့် တန်းတူညီမျှမှုကို ဥပဒေကပေးထားသော အခွင့်အရေးတစ်ခု ဖြစ်ပေသည်။ ထိုနည်းတူစွာ ကလေးများ သတ်မှတ်ချက်နှင့်အညီ တစ်ကျောင်းနှင့်တစ်ကျောင်း ကူးပြောင်းနိုင်ခွင့်ကိုလည်း ဤဥပဒေအရ ရရှိပြီးဖြစ်ပေသည်။

**ကလေးပညာရည်မြင့်မားဖို့နှင့် စဉ်ဆက်မပြတ် သင်ယူမှု အခွင့်အလမ်းရစေဖို့ မိဘ၊ ဆရာပူးပေါင်းစို့**

အမျိုးသားပညာရေးဥပဒေ ၂၀၁၄ ခုနှစ်၊ အခန်း (၈) “ပညာရေးဆိုင်ရာ တာဝန်နှင့် အခွင့်အရေးများ” အခန်းရှိ ပုဒ်မ (၄၇)တွင် အောက်ပါအတိုင်း ဆက်လက်ဖော်ပြထားပါသည်-

“မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းရစေရန် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။”

အရေးအကြီးဆုံးအချက်မှာ မူလတန်းအဆင့်တွင် ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခြင်းဖြင့် ကလေးများ စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းရရှိစေမည်ဖြစ်သည်။ မိမိတို့ကလေးများ၏ ပညာရည်မြင့်မားရေးအတွက် မိဘများအနေဖြင့် မိမိကလေး၏ သင်ယူမှုအခြေအနေကို သိရှိအောင် ဆရာ ဆရာမ၊ ကျောင်းအုပ်များထံမှ ရယူကြရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကလေးများ၏ခံစားချက်ကို လေးလေးနက်နက် နားထောင်ကြရန် လိုအပ်ပေသည်။ ရရှိပြီးသော အချက်များအပေါ် အခြေအနေမှန်ကိုစိစစ်သုံးသပ်၍ လိုအပ်သလို ရုပ်ပိုင်း၊ စိတ်ပိုင်း ပံ့ပိုးမှုများကို ပြုလုပ်ကြရမည်ဖြစ်သည်။

အချို့အရေးကြီးသောကိစ္စများအတွက် မိဘများသည် ဆရာ ဆရာမ၊ ကျောင်းအုပ်များနှင့် မိသားစုသဖွယ် တိုင်ပင်ဆောင်ရွက်မှသာ ပိုမိုထိရောက်နိုင်ပါသည်။ ကျောင်းများတွင် အခန်းဆုံးစစ်ဆေးခြင်းများကို နှစ်စဉ် ဇူလိုင်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်လည်းကောင်း နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် လည်းကောင်း၊ နှစ်ဆုံးစစ်ဆေးခြင်းကို ဖေဖော်ဝါရီလတွင် လည်းကောင်း စုစုပေါင်း လေးကြိမ်သာ ဆောင်ရွက်ရာ ကျောင်းသားကျောင်းသူများ သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးအတွက် မိဘများသည် ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းရမည်ဖြစ်ပြီး မိဘများ၏ခံယူချက်မှာ ကလေး၏ ရမှတ်ထက် သင်ယူမှုရလဒ်ကောင်းရရှိရေးအတွက်သာ ဦးတည်ဆောင်ရွက်သင့်ပေသည်။ ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာ မှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများက ကြီးကြပ်ရန် လိုအပ်သကဲ့သို့ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသားသမီးများကို တိုက်တွန်းအားပေးရမည်ဖြစ်ပေသည်။ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ကျောင်းတိုးတက်ရာတိုးတက်ကြောင်းအတွက် အကြံပြုကြရမည်ဖြစ်သည်။ နွမ်းပါးသောကလေးများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည့် မျှဝေခြင်းဆိုင်ရာ အစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မွန်မြတ်သောဒါနနှင့်အတူ နိုင်ငံတော်၏ ပညာရေးဖွံ့ဖြိုးမှုကို တစ်တပ်တစ်အား ကူညီပံ့ပိုးနိုင်ကြမည်ဖြစ်ပေသည်။

**ပညာရေးစီမံကိန်း၊ မူဝါဒနှင့် ဥပဒေများရေးဆွဲရာတွင် မိဘများပါဝင် အကြံပြုစို့**

အမျိုးသားပညာရေးကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၅ ခုနှစ်၊ အခန်း(၁၁) “ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု” အခန်းရှိ ပုဒ်မ(၅၈)ပုဒ်မခွဲ(ခ)တွင် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းဖော်ပြထားပါသည်-

“မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကိုအကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် မိဘပြည်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာ လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာများက ရွေးချယ်ပေးသော ကိုယ်စားလှယ်များနှင့် ကျောင်းသားများက ရွေးချယ်ပေးသောကိုယ်စားလှယ်များ၏ အကြံပြုချက်များကိုရယူပြီး ပြည်သူလူထုက ကျယ်ပြန့်စွာသိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်း”

မိဘများသည် ကလေးများ၏ပကတိအခြေအနေနှင့် လိုအပ်ချက်ကို သိရှိနိုင်သူများဖြစ်ကြသည်။ ယခုအခါတွင် အမျိုးသားပညာရေးဥပဒေ၏ ကဏ္ဍဥပဒေများဖြစ်သော အခြေခံပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေ၊ နည်းပညာအသက်မွေးဝမ်းကျောင်းနှင့် လေ့ကျင့်ရေးဥပဒေနှင့် ပုဂ္ဂလိကကျောင်းဥပဒေတို့ကို ပညာရေးဝန်ကြီးဌာနက ရေးဆွဲလျက်ရှိရာ အဆိုပါ ဥပဒေမူကြမ်းများတွင် ပါဝင်အကြံပြုဆွေးနွေးကြရမည် ဖြစ်ပေသည်။

**ကလေးပညာရေးကောင်းဖို့ မိဘများ ပူးပေါင်းပါဝင်ကြစို့**

သင်ယူမှုဂေဟစနစ် တစ်ခု အမြဲစိမ်းလန်းနေစေရန် မိဘ၊ ဆရာ၊ ကျောင်းအုပ်၊ ရပ်ရွာဒေသအုပ်ချုပ်သူ၊ ပြည်သူ့ကိုယ်စားလှယ်နှင့် ပံ့ပိုးသူများက ပညာရေးဝန်းကျင်ကောင်းများကို ဖန်တီးကြရန် လိုအပ်ပါသည်။ သင်ယူမှုဂေဟစနစ်တစ်ခုဆိုသည်မှာ ပညာရေးဝန်းကျင်ကောင်းများ၊ မိဘများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ စာအုပ်များ၊ ပညာပေးရုပ်ရှင်များ၊ နည်းပညာ၊ တွေးခေါ်မြော်မြင်မှု၊ သီအိုရီများ၊ ပညာရေးအတွေ့အကြုံများ၊ အိမ် (မိသားစု)၊ ကျောင်းနှင့် လူ့အဖွဲ့အစည်းများ ပေါင်းစပ်ပါဝင်လျက်ရှိသော ဆက်သွယ်ပေါင်းစည်းမှုကို ဖော်ညွှန်းပါသည်။ စနစ်တစ်ခုစီ၏ သက်ဝင်လှုပ်ရှားမှုများက ကလေးများ၏ ပညာရည်မြင့်မားမှု အသီးအပွင့်များကိုရရှိကြပြီး အောင်မြင်သောစနစ်များ၏ ပေါင်းစည်းမှုရလဒ်အဖြစ် အောင်မြင်သောပညာတတ် နိုင်ငံတော်ကို တည်ဆောက်နိုင်ခြင်းဖြစ်သည်။ ကလေး၏ပညာရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် မိဘများအနေဖြင့် ပညာတတ်ကြီးဖြစ်ရန် မလိုသကဲ့သို့ သီးခြားအချိန်ပေးရန် မလိုပါ။ ကလေးပညာရေးကို စိတ်ဝင်စားရန်နှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ရန်သာ လိုအပ်ပါသည်။

ပညာရေးသုတေသနတွေ့ရှိချက်များအရ ကျောင်းစာလိုက်နိုင်မှုအခြေအနေနှင့်စပ်လျဉ်း၍ မိဘများက ကျောင်းစာများကို အိမ်တွင် တစေ့တစောင်း ပြောဆိုဆွေးနွေးပေးသော ကလေးများ၏ ပညာရည်တိုးတက်မှုနှုန်းမှာ ၂၀ ရာခိုင်နှုန်းအထိ ပိုမိုမြင့်မားလာသည်ကို ဖော်ပြလျက်ရှိပါသည်။ ထို့အပြင် သုတေသနတွေ့ရှိချက်အရ မိဘများ၏ပူးပေါင်းပါဝင်မှုသည် ရှေးဦးကလေးအရွယ်တွင် ရာနှုန်းပြည့်လိုသော်လည်း မူလတန်းအရွယ်တွင် ၇၀ ရာခိုင်နှုန်းခန့်၊ အလယ်တန်းအရွယ်တွင် ၅၀ ရာခိုင်နှုန်းခန့်၊ အထက်တန်းအရွယ်တွင် ၃၀ ရာခိုင်နှုန်းခန့်နှင့် တက္ကသိုလ်ကျောင်းသားအရွယ်တွင် ၁၀ ရာခိုင်နှုန်းခန့်သာ လိုအပ်ပေသည်။ အဓိကအချက်မှာ ကလေး၏ ကြိုးစားအားထုတ်မှုနှင့် အမူအကျင့်ကိုသာ လိုအပ်သလို ထိန်းကျောင်းပေးရန်သာ ဖြစ်ပေသည်။ အထူးသဖြင့် မိမိတိုင်းပြည်ကောင်းအောင် ကြိုးစားနိုင်ရေးအတွက် မိမိကိုယ်ကို ကောင်းအောင် ဦးစွာကြိုးစားကြရန်နှင့် လူ့ကျင့်ဝတ်၊ လူ့ဝတ္တရား၊ ဆောင်ရန်၊ ရှောင်ရန်၊ ပြည်သူ့နီတိကို သိရှိ၊ နားလည်၊ လိုက်နာ၊ ကျင့်သုံးရန်တို့ကို အဓိကထား ပြောဆိုဆွေးနွေးသွန်သင်ကြရမည်ဖြစ်ပေသည်။

**ပညာရေးလက်တွေ့ကျကျ ပြောင်းလဲဖို့ ဆဋ္ဌဂံပညာရေး အကောင်အထည်ဖော်ကြစို့**

မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရှေးယခင်ကဲ့သို့ တြိဂံပညာရေးဖြစ်သော “မိဘ၊ ဆရာ ပူးပေါင်း၊ ကလေးပညာကောင်း” ဟူ၍ မလုံလောက်တော့ဘဲ ဆရာ၊ မိဘ၊ ကျောင်းသား၊ ရပ်ရွာဒေသအုပ်ချုပ်သူ (အစိုးရ)၊ ပြည်သူ့ကိုယ်စားလှယ်နှင့် ရပ်မိရပ်ဖများ အစုခြောက်စုပါဝင်သော ဆဋ္ဌဂံပညာရေးဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ ယခုပြည်သူ့အစိုးရလက်ထက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် အဆိုပါအစီအစဉ်မျိုးများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ကြားသိနေရပါသည်။ မိဘများ သီးသန့်လုပ်ဆောင်ရန် လုပ်ငန်းများရှိသကဲ့သို့ မိဘနှင့် ကျောင်းသား၊ မိဘနှင့်ဆရာ၊ မိဘနှင့် ရပ်ရွာဒေသအုပ်ချုပ်သူ၊ ပြည်သူ့ကိုယ်စားလှယ်၊ ရပ်မိရပ်ဖများပူးပေါင်းလုပ်ဆောင်ရန် လုပ်ငန်းများစွာရှိပေသည်။ မည်သို့ပင်ဆိုစေ မိဘများသည် ကလေးများ၏ လက်ဦးဆရာများဖြစ်ကြသကဲ့သို့ ဘဝပဲ့ကိုင်ရှင်များလည်းဖြစ်ကြသည်။ အချုပ်ဆိုရသော် မိဘများအနေဖြင့် “ကလေးများ၏ ပညာရေးသည် နိုင်ငံတော်အတွက် လိုအပ်သော အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဖြစ်သည်” ဟု ခံယူလျက် မိမိကလေးများ ပညာရေးသာမက ကျောင်းများ၏ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။ ။

**ဒေါက်တာခိုင်မြဲ(ပညာရေး)**

“မိဘများသည် ကလေးများ၏ပကတိအခြေအနေနှင့် လိုအပ်ချက်ကို သိရှိနိုင်သူများဖြစ်ကြသည်။ ယခုအခါတွင် အမျိုးသားပညာရေးဥပဒေ၏ ကဏ္ဍဥပဒေများဖြစ်သော အခြေခံပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေ၊ နည်းပညာအသက်မွေးဝမ်းကျောင်းနှင့် လေ့ကျင့်ရေးဥပဒေနှင့် ပုဂ္ဂလိကကျောင်းဥပဒေတို့ကို ပညာရေးဝန်ကြီးဌာနက ရေးဆွဲလျက်ရှိရာ အဆိုပါ ဥပဒေမူကြမ်းများတွင် ပါဝင်အကြံပြုဆွေးနွေးကြရမည် ဖြစ်ပေသည်”

# မောရှမ်းမြေက ဝါကျွတ်ချိန်အလှ

စိုင်းသာလှိုင်(လိမ္မော်မြေ)

သီတင်းဝါလကျွတ်ချိန်ရောက်လျှင် မောရှမ်းမြေရှိ တိုင်းရင်းသားများသည် သီတင်းကျွတ်ပွဲတော် ကျင်းပရန် ချိန်ဆန်ပွတ်(ခေါ်) သင်မုဒ်စင်ဘုရားကျောင်းဆောင် လှူဒါန်းပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြသည်။ ဘုန်းတော်ကြီးကျောင်း၌ ပူဇော်ကန်တော့ရန် မိမိတို့၏ ကောက်ဦးစပါးများကို ဝါကျွတ်ကာလအမီ လှူဒါန်းနိုင်ရန် ကြိုတင်ရိတ်သိမ်းပြင်ဆင်ထားကြသည်။ တောင်ယာထဲတွင် စိုက်ပျိုးထားသော ငှက်ပျောသီး၊ လိမ္မော်သီး၊ မြေပဲနှင့် ကန်စွန်းဥများကိုလည်း ကြိုတင်ဆွတ်ခူး တူးဖော်ထားကြသည်။

ချိန်ဆန်ပွတ်(ခေါ်) သင်မုဒ်စင်ဘုရားကျောင်းဆောင်များကို မိမိနေအိမ်၏ ဥပစာအပြင်အရှေ့ဘက်ကြမ်းပြင်ထိပ်ဆုံးတွင် ဝါးတိုင် လေးတိုင်စိုက်ထူကာ ဝရန်တာထိပ်လက်လှမ်းမီရုံနေရာတွင် လေးထောင့်စင်တစ်ခုဖြင့် ပြုလုပ်လေ့ရှိပြီး တစ်ပင်တိုင်ပြုလုပ်သည်လည်းရှိသည်။

ဘုရားကျောင်းဆောင်ကို ဝါးနှီးများဖြင့် ကျောင်းဆောင်ပုံသဏ္ဍာန်ရက်လုပ်ပြီး ဆေးဆိုးခြင်း၊ ဘုံအဆင့်ဆင့်ရှိ ပြာသာဒ်ဆောင်ပုံအတိုင်း ပြုလုပ်ပြီး ရှမ်းစက္ကူ(မှိုင်းခံစက္ကူ)များဖြင့် ဖုံးအုပ်ပုံဖော်ကာ ဆေးရောင်ခြယ်သခြင်းအပြင် ရွှေရောင်၊ ငွေရောင်စက္ကူများဖြင့် ပန်းဆွဲကြာယပ်တို့နှင့် သပ်ရပ်စွာ ပြုလုပ်ကြသည်။ လေးပင်တိုင်စင်ထိပ်၌ သီတင်းကျွတ်လဆန်း ၁၄ ရက်ညနေအချိန်တွင် သင်မုဒ်စင် ဘုရားကျောင်းဆောင်တင်ထားရသည်။ ဘုရားကျောင်းဆောင်များမှာ အရွယ်အစား၊ ပုံသဏ္ဍာန်အမျိုးမျိုး ပြုလုပ်ထားပြီး အကြိုဈေးနေ့များတွင် ရောင်းချလေ့ရှိသည်။

အချို့လည်း "ချိန်ဆန်ပွတ်" ဆောက်လုပ်သည့်နေရာကို အိမ်ဝင်းအတွင်း သီးသန့်နေရာ၌ ဆောက်လုပ်ပြီး အောက်ခြေမှအပေါ်အထိ စင်အဆင့်ဆင့်ဆောက်လုပ်ကြသည်။ ခြံဝင်းမှ ဘုရားစင်အဝင်ဝအထိ သွားရာလမ်းတွင်လည်း ရှင်းလင်း၍ သဲခင်းထားပြီး မီးကြာ၊ အလင်းတိုင် ဘေးတစ်ဖက်တစ်ချက်စိုက်ထူရန်တိုင်များ၊ တန်းများ စိုက်ထူထားကြသည်။

တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာများနှင့် စပါးပင်၊ ကြံပင်၊ ငှက်ပျောပင်၊ ချင်းပင်၊ ပန်းပင်များကို သင်မုဒ်စင်ဘုရားကျောင်းဆောင်၏ လေးထောင့်ပတ်လည်တိုင်တွင် လှပစွာချည်နှောင်စိုက်ထူထားသည်။ သင်မုဒ်စင်၏ ဘေးသုံးဖက်နှင့် အဝင်ဝမီးကြာ ထွန်းညှိမည့် လမ်းဘေးတစ်ဘက်တစ်ချက်တွင် ရာဇမတ်ကာ၍ထားရှိသည်။ စင်၏အောက်တွင် အုန်းသီး၊ ငှက်ပျောသီး၊ သခွားသီး၊ ရှောက်ချိုသီး၊ လိမ္မော်သီး၊ ကန်စွန်းဥ၊ ကြံချောင်း၊ မြေပဲ၊ မုန့်မျိုးစုံ စသည်များကို တွဲလောင်းချိတ်ဆွဲထားကြသည်။

စင်ပေါ်ရှိ ဘုရားကျောင်းဆောင်ရှေ့တွင် အုန်းသီး၊ ငှက်ပျောသီး၊ ကွမ်း၊ ဆေး၊ လက်ဖက်များပါသော ဘုရားပွဲတစ်ခုလည်း ပြင်ဆင်၍ တင်ထားသည်။ သီတင်းကျွတ်


ဓာတ်ပုံ-စိုင်း(သီပေါ)

> "ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ ရာသီအလိုက်ပွဲများကို ကြည့်ခြင်းအားဖြင့် တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူတူနိုင်ရိုးလား ဆိုရိုးစကားအတိုင်း အလှူဒါနပြုရာတွင် ရက်ရောလှကြောင်း တွေ့မြင်နိုင်သည်"

လဆန်း ၁၄ ရက် (အဖိတ်နေ့)ညတွင် ပန်း၊ ရေချမ်း၊ ဆီမီးခွက်၊ အမွှေးတိုင်များဖြင့် အကြိုညအဖြစ် စတင်လှူဒါန်းပူဇော်ကြသည်။ အဆိုပါ ညနေတွင် နံနက်မိုးသောက်ချိန် ဘုရားဆွမ်းတော်တင်ရန်အတွက် သီးနှံယိုအမျိုးမျိုး၊ မုန့်အမျိုးမျိုးတို့ဖြင့် ကြိုတင်စီမံပြုလုပ်ထားပေသည်။ မိမိခြံမှ ထွက်ရှိသော သစ်သီးဝလံ၊ ပန်းမျိုးစုံတို့ကိုလည်း ပတ်ဝန်းကျင် အိမ်နီးနားချင်းသို့ သွားရောက်လှူဒါန်းကြသည်။ ကြိုတင်ပြင်ဆင်မှုများအတွက် အိမ်တိုင်းလိုလိုပင်ကိုယ်စီအလုပ်များနေကြသည်။ ထိုညနေပိုင်းမှာပင် ဘိုးဘွားမိဘများကို သွားရောက်ကန်တော့ကြသည်လည်း ရှိပေသည်။ အချို့လည်း လပြည့်နေ့နံနက်ပိုင်းတွင် ကန်တော့ကြသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ အချို၊ အချဉ်၊ ယိုမျိုးစုံ၊ မုန့်မျိုးစုံများကို ဘုရားကျောင်းဆောင်အတွင်းတွင် တင်ထားပြီး တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူမည်ဖြစ်သော မြတ်စွာဘုရားကို ရည်မှန်းကာ "ချိန်ဆန်ပွတ်" အတွင်းသို့ ကြွရောက်သီတင်းသုံးတော်မူပါရန် ပင့်ဖိတ်လျှောက်ထားရှိခိုးလျက် လှူဖွယ်များကို ဆက်ကပ်လှူဒါန်းပူဇော်မှုပြုကြပေသည်။ နံနက်မိုးလင်းသောအခါ ရဟန်းသံဃာတော်များအား ပူဇော်ကန်တော့ရန်နှင့် ဥပုသ်သီတင်းသီလ ဆောက်တည်ရန် မိသားစုများ စုစည်းပြီး ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြသည်။

သီတင်းကျွတ်လပြည့်ညတွင်ဘုရားကျောင်းဆောင်ပတ်လည်နှင့် အဝင်လမ်းတစ်ဖက်တစ်ချက်၌ ပျားဖယောင်းဖြင့် ပြုလုပ်ထားသော ဆီမီးခွက်များကို မီးကြာများပေါ်တွင်တင်ကာ ထိန်ထိန်လင်းနေအောင် မီးပူဇော်လှူဒါန်းကြသည်။ ထိုသို့ချိန်ဆန်ပွတ်(သင်မုဒ်စင်) ကျောင်းထားရှိကာ ပူဇော်လှူဒါန်းခြင်းကို သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့အထိ ထားရှိပူဇော်လေ့ရှိကြသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ညတွင် အိမ်မကြီး အဝင်တံခါး၊ အိမ်ဝင်းခြံအတွင်းပေါက်၊ အိမ်လှေကား၊ အိမ်တွင်းရှိ အဝတ်အထည်သေတ္တာ၊ ရွှေငွေသေတ္တာ၊ မီးဖို၊ ဆန်အိုး၊ ရေတွင်း၊ စပါးကျီစသည့်နေရာများတွင် ဆီမီးထွန်းညှိပူဇော်ကြသည်။ သက်ဆိုင်ရာအစောင့်အရှောက်များကို ပူဇော်ခြင်းဖြစ်ပြီး လာဘ်လာဘရွှင်အောင်၊ ဥစ္စာပစ္စည်း ရွှေငွေရတနာပစ္စည်းများ တိုးပွားလာအောင် ထွန်းညှိပသခြင်းဖြစ်သည်ဟု အယူအဆရှိကြသည်။ လယ်မြေ၊ ယာမြေ၊ စပါးခင်း၊ သီးနှံခင်းများတွင်လည်း မီးကြာတစ်တိုင်စိုက်ထူပြီး ထွန်းညှိပသထားကြသည်။

အဆိုပါနေ့ ညဘက်တွင် ကျေးရွာ၊ ရပ်ကွက်အလိုက်စုပေါင်းပြီး မီးကြာပဒေသာများ၊ ရောင်စုံမီးပုံးများ ပြုလုပ်လျက် "တိန်းဟိန်"ခေါ် မီးထောင်ပြည့်ပူဇော်ပွဲများ ကျင်းပကြပေသည်။

ရပ်ရွာအတွင်း စီတန်းလှည့်လည်ပြီး ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်လှူဒါန်းပူဇော်ကြသည်။ စီတန်းလှည့်လည်ရာတွင် ရှမ်းအိုးစည် ဗုံမောင်းတီးမှုတ်၍ တိုးနရားအက၊ ကိန္နရာအက၊ ဓားသိုင်း၊ လှံသိုင်းအကများလည်း ကပြဖျော်ဖြေကြသည်။ သီတင်းကျွတ်လပြည့်နေ့ နောက်ပိုင်းတွင် ရပ်ဝေးဒေသရှိ ဘိုးဘွားမိဘများရှိရာသို့ ညအိပ်ညနေသွားရောက် ကန်တော့ကြသည့် အစဉ်အလာရှိသည်။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ ရာသီအလိုက်ပွဲများကို ကြည့်ခြင်းအားဖြင့် "တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူတူနိုင်ရိုးလား" ဆိုရိုးစကားအတိုင်း အလှူဒါနပြုရာတွင် ရက်ရောလှကြောင်း တွေ့မြင်နိုင်သည်။ မိဘ ဘိုးဘွား အစဉ်အလာကောင်းများကို သား၊ သမီး၊ မြေး၊ မြစ်များက အမွေဆက်ခံပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ပျောက်ကွယ်မသွားအောင် မျက်ခြည်ပြတ်မခံဘဲ ထာဝရထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြရပါသည်။ ။

## အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(စ) အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ မြန်မာ၊ အီရန်နှင့် လာအို ယူ-၁၉ အမျိုးသမီးအသင်းတို့မှ နည်းပြချုပ်များ တက်ရောက်ခဲ့သည်။ အုပ်စု(စ) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ စတင်ကျင်းပမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲတွင် မြန်မာ၊ အီရန်နှင့် လာအိုတို့သုံးသင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ဒေါ်သက်သက်ဝင်းက "ပထမအဆင့် ခြေစစ်ပွဲအောင်မြင်ဖို့ အကောင်းဆုံးပြင်ဆင်နေပါတယ်။ ပါလက်စတိုင်းအသင်း နုတ်ထွက်သွားသောကြောင့် သုံးသင်းသာကျန်တော့ပြီး အမှားခံလို့မရတော့တဲ့ အနေအထားဖြစ်သွားပါတယ်။ နောက်ဆုံးအဆင့်ပြိုင်ပွဲအထိ ယှဉ်ပြိုင်ခွင့်ရဖို့အထိ မျှော်မှန်းထားပြီး ပထမအဆင့် ခြေစစ်ပွဲက ပထမခြေလှမ်းဖြစ်ပါတယ်။ ပြိုင်ဘက်တွေကို လျှော့မတွက်ပါဘူး။ ပွဲတိုင်းကို အာရုံစူးစိုက်မှုအပြည့်နဲ့ ယှဉ်ပြိုင်ကစားမှာပါ" ဟု ပြောကြားသည်။ လာအို ယူ-၁၉ အသင်းနည်းပြချုပ် ဗူဗီဆိုင်းက "အခုခြေစစ်ပွဲကို အတွေ့အကြုံရဖို့ လာရောက်ယှဉ်ပြိုင်တာပါ။ မြန်မာနဲ့ အီရန်ကို ယှဉ်ကစားနိုင်ဖို့ မလွယ်ပါဘူး။ အခုခြေစစ်ပွဲအတွက် သုံးလအချိန်ယူပြင်ဆင်ထားပါတယ်။ အခုအသင်းက ကစားသမားကောင်းတွေ ထွက်ပေါ်လာရင်ပဲ ကျေနပ်ရမှာပါ" ဟု ပြောကြားသည်။

ခြေစစ်ပွဲအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် အီရန်အသင်းနှင့် လာအိုအသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် အိမ်ရှင်မြန်မာအသင်းနှင့် လာအိုအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် မြန်မာအသင်းနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပွဲအားလုံးကို ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**


**သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသ**

**ချောင်းဆုံ အောက်တိုဘာ ၂၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် လူထုအခြေပြုဗဟိုဌာန (ပြန်/ဆက်) ရုံးရှေ့မြေစိုက်ဘုတ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာများကို အများပြည်သူသိရှိစေရန် အောက်တိုဘာ ၂၂ ရက်က နံရံကပ်စာစောင်များကို စတင်ပြသထားခဲ့ကြောင်း သိရသည်။

အဆိုပါမြေစိုက်ဘုတ်တွင် လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်ပုံ၊ မုန်တိုင်းကြောင့် ဖြစ်တတ်သော ဆိုးကျိုးနှင့် ဆိုးကျိုးဖြစ်စေသည့် အကြောင်းရင်းများ၊ မုန်တိုင်းအရောင်သတ်မှတ်ခြင်း၊ မုန်တိုင်းမကျရောက်မီ ကြိုတင်ပြင်ဆင်ရန်၊ မုန်တိုင်းသတိပေးချက်များနှင့် မိုးလေဝသသတင်းများပြသထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ညောင်တုန်းမြို့တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ညောင်တုန်း အောက်တိုဘာ ၂၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ ယခုရက်ပိုင်းအတွင်း ထုတ်ပြန်သော အသိပေးကြေညာချက်များအား ပြည်သူများသိရှိနိုင်စေရန် ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ယနေ့နံနက်ပိုင်းက မြေစိုက်နံရံကပ်ပြဘုတ်တွင် ပြသဆောင်ရွက်ပေးခဲ့သည်။

မုန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးဌာနက မြို့အတွင်း မုန်တိုင်းအန္တရာယ်အသိပေးချက်များကို လိုက်လံနှိုးဆော်ပေးခြင်း၊ အရေးပေါ်အခြေအနေဖြစ်လာပါက အမြန်ဆုံးဆောင်ရွက်နိုင်ရန်အတွက် တပ်ဖွဲ့ဝင်များ စုဝေးထားရှိခြင်းတို့ ဆောင်ရွက်ထားကြောင်း သိရသည်။ **ဝဋ္ဌာနိုင်(ညောင်တုန်း)**



ဘာသာရေးအသင်းအဖွဲ့များ ရောင်စုံမီးပုံးများကိုကိုင်ဆောင်ကာ ရွှေတိဂုံစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြစဉ်။



ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများ ဆီမီးများ ထွန်းညှိပူဇော်ကြစဉ်။

# ရွှေတိဂုံစေတီတော်ဗုဒ္ဓရုပ်ပွားတော်၊ စေတီတော်များလှည့်လည်ပူဇော်ပွဲနှင့် ဆီမီးထွန်းညှိပူဇော်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူးကျင်းပသော သီတင်းကျွတ်လဆန်း ၁၄ ရက်(အဖိတ်နေ့) ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီတော်များ လှည့်လည် ပူဇော်ပွဲနှင့် ဆီမီးထွန်းညှိပူဇော်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှစတင်၍ ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီတော်များပင့်ဆောင်ပြီး ရောင်စုံမီးပုံးများကို ကိုင်ဆောင်ကာ ရွှေတိဂုံစေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ရာဟုထောင့် အောင်မြေချမ်းသာကြီးတန်ဆောင်း၌ လှူဒါန်းကြသည်။

ထို့နောက် ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း ဆက်ကပ် လှူဒါန်းကြပြီး ဆီမီးများထွန်းညှိပူဇော်ကြသည်။

ယနေ့သည် သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)ဖြစ်သော်လည်း ရွှေတိဂုံစေတီတော်တွင် အလှူဒါနပြုသူများ၊ တရားဘာဝနာအားထုတ်ကြသူများ ဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့အတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ သီတင်းကျွတ်လဆန်း ၁၄ ရက် ဆီမီးထွန်းညှိပူဇော်ပွဲကို စေတီတော်ရင်ပြင်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာ ပြည်သူများက သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးရောင်စုံများဖြင့် ဆီမီးများထွန်းညှိပူဇော်ကြသည်။

**သတင်း-ကိုကိုဇော်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# သီတင်းကျွတ် ရုံးပိတ်ရက်များတွင် မန္တလေးမြို့မှ တောင်ကြီးနှင့် ရန်ကုန်မြို့တို့သို့ ခရီးသွားလာမှုများပြား

**မန္တလေး အောက်တိုဘာ ၂၃**

ယခုနှစ် သီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလများတွင် မန္တလေးမြို့မှ တောင်ကြီးနှင့် ရန်ကုန်မြို့တို့သို့ ခရီးသွားလာမှုများပြားကြောင်း တိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ယာဉ်အသင်းပေါင်း ၅၅၀ မှ ယာဉ်အစီးရေ ၆၃၀၀ ကျော်ဖြင့် ဝင်ရောက်ပြေးဆွဲလျက်ရှိပြီး ယခုသီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလများတွင် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။

"ဒီနှစ် သီတင်းကျွတ်ကာလမှာ မန္တလေးကနေ တောင်ကြီးနဲ့ ရန်ကုန်ကို အများဆုံး ခရီးထွက်ကြတာ တွေ့ရတယ်။ ခရီးသွားဖို့ လက်မှတ်ဝယ်တဲ့အခါ မလိုလားအပ်တဲ့ မှောင်ခိုရောင်းဝယ်မှုတွေမဖြစ်အောင် အွန်လိုင်းကဝယ်တာထက် ကားအသင်းတွေဆီမှာ တိုက်ရိုက်ဝယ်စေချင်တယ်။ ဒီမှာရှိတဲ့ ယာဉ်အသင်းကြီးတွေအကုန်လုံးက ခရီးသွားများလို့လည်း နာမည်အပျက်ခံပြီး လက်မှတ်ကို ဈေးတက်မရောင်းပါဘူး။ ကားလက်မှတ် ဈေးတက်တယ်ဆိုတာက မှောင်ခိုဝယ်ထုတ်ပြီး ကာဝင်းအပေါက်ကနေ လှည့်လည်ရောင်းချတဲ့သူတွေရှိတဲ့ အတွက်ကြောင့် တစ်ဆင့်ပြန်ဝယ်ရတော့ ဈေးကြီးတဲ့ပြဿနာတွေ ဖြစ်လာရတယ်" ဟု ၎င်းကပြောသည်။

ခရီးသွားပြည်သူများအနေဖြင့် ကားလက်မှတ်ဝယ်ယူရာတွင် အခက်အခဲရှိပါက ကားဂိတ်အတွင်း ဖွင့်လှစ်ထားသည့်ယာဉ်လိုင်းများ ကြီးကြပ်မှု ကော်မတီ(အဝေးပြေး)ရုံးသို့ ခရီးသွားမည့်သူ၏ မှတ်ပုံတင်ကို တစ်ပါတည်း ယူဆောင်ကာ အကူအညီတောင်းခံနိုင်ကြောင်းနှင့် ခရီးသွားလာရာတွင် အာမခံမှု၊ လုံခြုံစိတ်ချရမှုနှင့် ကြီးကြပ်ကွပ်ကဲမှုမရှိသော ပြင်ပမှ လာရောက်ပြေးဆွဲနေသည့် တရားမဝင်ယာဉ်လိုင်းများအား စီးနင်းသွားလာခြင်းမပြုဘဲ မိမိတို့၏အသက်အန္တရာယ်နှင့် အာမခံချက်အပြည့်အဝရှိသော တရားဝင် ယာဉ်လိုင်းကြီးများဖြင့်သာ သွားလာကြပါရန် တိုက်တွန်းထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ကျိုက်ဝိုင်းစေတီတော်ကြီးရင်ပြင်ပေါ်တွင် ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်

**ရန်ကုန် အောက်တိုဘာ ၂၃**

သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့) ညဦးပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်း သမိုင်းဝင် အပရာဇိတဆံတော်ရှင်စေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်တွင် ဆီမီး ၁၁၀၀၀ စုပေါင်းထွန်းညှိပူဇော်ကြကာ ဘုရားဖူးလာပြည်သူများကို ဘဲသားဆန်ပြုတ်နှင့် စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးကြသည်။



ထိုစေတီတော်၏ ဘုရားသုံးဆူအာရုံခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓမြတ်စွာဘုရားဓာတ်တော်၊ ရှင်သာရိပုတ္တရာရဟန္တာဓာတ်တော်၊ ရှင်မောဂ္ဂလာန်ရဟန္တာဓာတ်တော်၊ ရှင်သီဝလိရဟန္တာဓာတ်တော်များကို သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)မှ စတင်ကာ လပြည့်ကျော် ၁ ရက်အထိ သုံးရက်တိုင်တိုင် အများပြည်သူများ ဖူးမြော် ကြည်ညိုနိုင်ကြစေခြင်းငှာ ဘုရားကြီး၏ရင်ပြင် အောင်မြေရုံကြီးတွင် အပူဇော်ခံထားမည်ဖြစ်သည်။ ရဟန်းရှင်လူပြည်သူများ လာရောက် ဖူးမြော်နိုင်ကြစေရန် နှိုးဆော်ထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# မန္တလေးမြို့တွင် သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားပျော်ရွှင်စွာ နွှဲပျော်

**မန္တလေး အောက်တိုဘာ ၂၃**

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် မီးရောင်စုံ ထွန်းညှိပူဇော်သည့် အထူးခြားဆုံးပွဲတော်တစ်ခုဖြစ်သော သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးကို မန္တလေးဒေသခံပြည်သူများ အစဉ်အလာ မပြတ် စည်ကားပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ပွဲတော်အကြိုနေ့ဖြစ်သော သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)တွင် မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ ဘုရားစေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များတွင် ဆီမီးများထွန်းညှိပူဇော်ခြင်း၊ ကလေးငယ်များက မီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားခြင်းများ အပြင် မိသားစုအလိုက် မိဘဆရာသမားများအား ဂါရဝပြုကန်တော့ကြခြင်းများဖြင့် ပွဲတော်၏ ပုံရိပ်ကို ပီပြင်စွာထုတ်ဖော်ပြသလျက်ရှိသည်။



ထို့အပြင် ယခုနှစ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်နေပြည်သူများ ပွဲတော်ရပ်အတွင်း အေးချမ်းပျော်ရွှင်စွာ အပန်းဖြေလည်ပတ်နိုင်စေရန်အတွက် ကျုံးတောင်ဘက်ခြမ်းတစ်လျှောက်တွင် LED မီးသီးများ သွယ်တန်းထွန်းညှိခြင်း၊ သစ်ပင်ကြီးများတွင် မီးရောင်စုံများ ချိတ်ဆွဲတပ်ဆင်ခြင်းနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ရန် ရောင်စုံမီးဝိုင်းကြီးများ ပြင်ဆင်ထားရှိသည့်အပြင် မနောရမ္မံပာတ်တိုင်ကွင်းတွင်လည်း ပထမဆုံးအကြိမ်အဖြစ် မြန်မာ့ရိုးရာ အစားအစာများကို ဆိုင်များဖွင့်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ကလေးစာပေပွဲတော်အထိမ်းအမှတ် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



ကလေးစာပေပွဲတော်အထိမ်းအမှတ် ကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ခရိုင်အားကစားခန်းမ၌ ကျင်းပစဉ်။

# ကလေးစာပေပွဲတော်အထိမ်းအမှတ် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**သံတွဲ အောက်တိုဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်ကို အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်အထိမ်းအမှတ် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော် အထိမ်းအမှတ်ပြိုင်ပွဲအဖြစ် ရည်ရွယ်ကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြို့နယ်အားကစားကွင်း၌ကျင်းပရာ သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက အမှာစကားပြောကြားသည်။

ကလေးစာပေပွဲတော်အထိမ်းအမှတ် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပရာတွင် သံတွဲမြို့နယ်ရှိ အခြေခံပညာကျောင်း ကိုးကျောင်းမှ ကျောင်းသားလူငယ်များ၏ အမျိုးသားဘောလုံးပြိုင်ပွဲကို မြို့နယ်အားကစားကွင်း၌ လည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ခရိုင်အားကစားခန်းမ၌လည်းကောင်း၊ ထုပ်ဆီးတိုးပြိုင်ပွဲများကို ဦးဥတ္တမပန်းခြံ၌လည်းကောင်း အောက်တိုဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်းဟန်**

# ကရင်ပြည်နယ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး

**ဘားအံ အောက်တိုဘာ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကရင်ပြည်နယ် သမဝါယမ ဦးစီးဌာန၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖျေးဦးစွာ ကရင်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့် ပြည်နယ်သမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌ ဦးမြင့်အေးတို့က သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးလမ်းညွှန်မှာကြားသည်။

ကရင်ပြည်နယ်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ သမဝါယမအသင်းပေါင်း ၅၉၂ သင်း ဖွဲ့စည်းနိုင်ခဲ့ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် UCF/CDRF/ ပင်မလုပ်ငန်း၊ Exim Bank ချေးငွေ၊ အသင်းသားများအစုစုဆောင်းငွေ၊ သမဝါယမဘဏ်မှ ချေးယူငွေ၊ Daedong လယ်ယာသုံးပစ္စည်းတို့မှ ကနဦးမတည်ငွေကျပ် သန်း ၅၉၅၀ ဒသမ ၃၈၈ သန်းကို သမဝါယမအသင်းများအတွက် ထုတ်ချေးထားရှိကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၃**

မောင်တောမြို့နယ် နယ်မြေ(၁) အောင်သပြေနယ်မြေရုံး ကွပ်ကဲမှုအောက် မှတ်တိုင် ၅၀ ရဲကင်းစခန်းမှ ဒုရဲအုပ် အောင်ကျော်စိုး ဦးစီးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Lembuchari ကင်းစခန်းမှ Subedar Md. Mahamud Hossain ဦးစီးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်မှ ၁၁ နာရီ ၂၅ မိနစ်အထိ မိမိတို့နိုင်ငံ အသီးသီး အတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၄၉ မှ ၅၀ အထိ နှစ်နိုင်ငံနှစ်ဖက် ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ငါန်းဇွန်မြို့၌ စာပေစကားဝိုင်း ကျင်းပ

**ငါန်းဇွန် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ငါန်းဇွန်မြို့နယ် ရုံးခန်းမ၌ အောက်တိုဘာ ၂၃ ရက်တွင် အလင်းသစ် လူငယ်စာပေအဖွဲ့က စာပေစကားဝိုင်း ကျင်းပ ခဲ့သည်။

အဆိုပါ စာပေစကားဝိုင်းတွင် တက်ရောက်လာသော မြို့ပေါ် ရပ်ကွက်အသီးသီးမှ အလင်းသစ် လူငယ်စာပေအဖွဲ့ဝင် ကိုးဦးသည် "ဝေဖန်ဆွေးနွေးခြင်းများ" ခေါင်းစဉ်ဖြင့် အင်္ဂလိပ်စကားပြော လေ့လာလေ့ကျင့်မှုနှင့် ပတ်သက်၍ အင်္ဂလိပ်စကားပြော တတ်မြောက်သူနှင့် မတတ်မြောက်သူတို့၏ အားနည်းချက်၊ အားသာချက်များကို တစ်ဦးချင်း အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**



# စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**လှိုင်းဘွဲ့ အောက်တိုဘာ ၂၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ စစ်ဘေးရှောင်ပြည်သူများအား ကရင်ပြည်နယ် အစိုးရအဖွဲ့က ဆန်နှင့် စားသောက်ကုန်ပစ္စည်းများကို ယနေ့နေ့လယ်ပိုင်းက သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်အစိုးရအဖွဲ့က စစ်ဘေးရှောင်အိမ်ထောင်စု ၈၄၈ စု၊ လူဦးရေ ၅၃၄၆ ဦးအတွက် ထောက်ပံ့သော ဆန်အိတ် ၁၇၇၀၊ ဆီ ပိဿာ ၆၀၀၊ ကြက်သွန်နီ ပိဿာ ၁၀၅၀၊ အာလူး ပိဿာ ၁၀၅၀၊ အသားတု ပိဿာ ၁၀၅၀၊ ငရုတ်သီးတောင့် ပိဿာ ၁၈၀၊ ပဲ ၇၅ အိတ်၊ အချိုမှုန့် အထုပ် ၂၅၀၊ ဆား ပိဿာ ၁၈၀ တို့ကို ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လှိုင်းဘွဲ့မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေလင်းထက်က သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်္ဂလန်နိုင်ငံသားကျန်ရစ်သည့် လက်တော့(ပ်)နှင့် ဖုန်းပစ္စည်းများ ပြန်လည်ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် International ဟိုတယ်ရှေ့ လမ်းပေါ်၌ အောက်တိုဘာ ၁၃ ရက် နံနက် ၄ နာရီက ယာဉ်မောင်း ဦးနိုင်မင်းစိုး အုံ့ကြီးအနောက်ရပ်ကွက် ဒလမြို့နယ်နေသူ မောင်းနှင်သည့် အငှားယာဉ်ပေါ်၌ နိုင်ငံခြားသားတစ်ဦးမေ့ကျန်ခဲ့သော ပစ္စည်းများကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ဒလမြို့မ ရဲစခန်းသို့ လာရောက်အပ်နှံခဲ့သည်။

အဆိုပါ အငှားယာဉ်ပေါ်တွင် မေ့ကျန်ခဲ့သော နိုင်ငံခြားသား တစ်ဦး၏ ပစ္စည်းများအား ပြန်လည်ပေးအပ်နိုင်ရေးအတွက် အိတ်အတွင်း လိပ်စာကတ်ပါ ဖုန်းနံပါတ်များကို ဒလမြို့မရဲစခန်း နယ်ထိန်းရဲဒုတပ်ကြပ် ဝင်းမောင်မောင်က ဆက်သွယ်ဆောင်ရွက်ခဲ့ရာ IT မန်နေဂျာ ဦးကျော်ဇေယျနှင့် အဆက်အသွယ်ရရှိခဲ့ပြီး ၎င်းမှာ အင်္ဂလန်နိုင်ငံသား Mr. Gabriel Anthony Smales၊ ပတ်စ်ပို့နံပါတ် 539095634၊ ဗီဇာအမှတ် 15627/EX 17၊ IY-50880 ကိုင်ဆောင်သူ၏ ပစ္စည်းများဖြစ်ကြောင်း ဒလမြို့မရဲစခန်းက ဆက်သွယ်နိုင်ခဲ့သည်။

၎င်း၏ အငှားယာဉ်ပေါ်တွင် ကျန်ခဲ့သည့်ပစ္စည်းများမှာ အနက်ရောင်လက်ဆွဲအိတ်တစ်လုံး၊ လက်တော့(ပ်)တစ်လုံး၊ ဆင်းကတ်ပါ iPhone 6s အနက်ရောင် ဟန်းဆက်တစ်လုံးနှင့် လိပ်စာကတ်များပါဝင်ကြောင်း သိရသည်။

ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် နိုင်ငံခြားသားနှင့် Proximity တောင်သူပညာပေး ဝန်ဆောင်မှုကုမ္ပဏီဝန်ထမ်း ဦးရဲဇာနည်တို့ အတူရောက်ရှိလာပြီး ဒလမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စောမောင်၊ ဒလမြို့မရဲစခန်းမှူး ဒုရဲမှူး နိုင်ဝင်းတို့က အဆိုပါ ကျန်ရစ်သည့် ပစ္စည်းများကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



ရတနာသစ်တော ပြည်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

# မဟာမုနိဘုရားကြီး ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်

**မန္တလေး အောက်တိုဘာ ၂၃**

သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့အကြို ဖြစ်သည့် ယနေ့ညပိုင်းတွင် မဟာမုနိဘုရားကြီး ဒုတိယ ရေတော်ဆရာတော်ကြီး တိုက်ဒေါနခြံအုတ်ကျောင်း ဘဒ္ဒန္တဝဏ္ဏိသာရ အရှင်သူမြတ်အမှူးပြု ဆရာတော်၊ သံဃာတော်များသည် မဟာမုနိရုပ်ရှင်တော်မြတ်အား ပန်း၊ မျက်နှာသစ်တော်ရေ၊ ရေချမ်းဆက်ကပ်ပူဇော်ကြသည်။

ယနေ့ညနေ ၆ နာရီတွင် သံဃာတော်များ၊ သီလရှင်များကြွရောက်၍ ရခိုင်စည်တော်အဖွဲ့နှင့် ရခိုင်လူမှုရေးအသင်း၊ ရခိုင်မောင်မယ်တံမြက်စည်းလှည်းအသင်း (မန္တလေး)မှ မိသားစုဝင်များ၊ ဧည့်သည်တော်များသည် ၁၄ ကြိမ်မြောက် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပမည့် သတ်မှတ်နေရာတွင် ရောက်ရှိနေရာယူကြကာ မဟာမုနိရုပ်ရှင်တော်မြတ်အား ဩကာသကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကြပြီး ရခိုင်စည်တော်အဖွဲ့က စည်တော်ရွှန်းခတ်ပူဇော်ကြသည်။

ထို့နောက် ရခိုင်လူမှုရေးအသင်းနှင့် ရခိုင်တံမြက်စည်းလှည်းအသင်းသူ အသင်းသားများ၊ မိသားစုဝင်များ၊ မီးထွန်းပွဲတော်လာဧည့်သည်တော်များ၊ ဘုရားဖူးလာပြည်သူများက မဟာမုနိဘုရားကြီးရင်ပြင်တော်တွင် ၁၄ ကြိမ်မြောက် ဆီမီး ၉၀၀၀ ပူဇော်ပွဲကို အစီအစဉ်အတိုင်း ပြိုင်တူထွန်းညှိပူဇော်ကြပြီး ဆီမီးပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စည်တော်အဖွဲ့က အောင်စည်အောင်မောင်းတီးခတ်ပူဇော်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



**မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် ကန်တော်မင်္ဂလာအတွင်း မီးရောင်စုံထွန်းညှိထားသည်ကို အောက်တိုဘာ ၂၃ ရက် ညပိုင်းက တွေ့ရစဉ်။** ခွန်(ဝင်းပ)

# (၈၆)ကြိမ်မြောက် တာဝတိံသာဝါကျွတ်ပွဲတော် ဖွင့်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သော (၈၆)ကြိမ်မြောက် တာဝတိံသာဘုရားဝါကျွတ်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က တာဝတိံသာဘုရားရှေ့မျက်နှာစာ၌ ကျင်းပသည်။

တာဝတိံသာဝါကျွတ်ပွဲတော်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် တာဝတိံသာဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် မြို့နယ်မှ တာဝန်ရှိသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက တာဝတိံသာဘုရားအထက်ပစ္စယံပေါ်သို့ တက်ရောက်ဖူးမြော် ကြည်ညိုကြသည်။ ဖွင့်ပွဲမတိုင်မီနှင့် ဖွင့်ပွဲကျင်းပပြီးချိန်တွင် တပင်တိုင်အကများ၊ ယိမ်းအကများ၊ ဆီမီးခွက်အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အဆိုပါ တာဝတိံသာဝါကျွတ်ပွဲတော်ကို မော်လမြိုင်ကျွန်းမြို့တွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း- မြင့်အောင်**

❖ **ကျောက်ဆည်မှ**

နေရာယူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲများကျင်းပရာ ရိုးရာအငယ်တန်း၊ ရိုးရာအကြီးတန်းနှင့် ဘော်ကြယ်တန်းဟူ၍ အမျိုးအစား သုံးမျိုးခွဲခြား ယှဉ်ပြိုင်ကြသည်။ ယှဉ်ပြိုင်ရာတွင် စားတော်တိုက်အက (ဘုရားကန်တော့)၊ နတ်ပင့်(ဆိုင်ရာပိုင်ရာပူဇော်ခြင်း)၊ လေးကင်းအက (ဆင်ကြမ်းမှုဆိုးကြမ်း)၊ ရိုးရာအရိုင်အကတို့ကို မြန်မာ့ရိုးရာတူရိယာ ဒိုးပတ်၊ လင်းကွင်း၊ နှဲ၊ မောင်း၊ ဝါးလက်ခုပ်တို့ဖြင့် အဖွဲ့လိုက် ညီညွတ်စွာ သီဆိုကပြ ယှဉ်ပြိုင်ကြသည်။

ကျောက်ဆည်မြို့နယ် ဆင်ပြိုင်ပွဲ ဗဟိုမဏ္ဍပ် ကလေးဆင်ပြိုင်ပွဲတွင် မျိုးချစ်ရင်သွေး၊ မင်းဇာနည်၊ မင်းကျန်စစ်၊ အေးချမ်းမြန်မာဆင်အဖွဲ့များ၊ သဘာဝဆင်ပြိုင်ပွဲတွင် ပဏ်၊ ကရုဏာရှင်၊ မင်းသွေး၊ ရွှေဆည်အသင်းများ၊ ဘော်ကြယ်ဆင်ပြိုင်ပွဲတွင် ရွှေစင်မောင်၊ ဧရာမိုး၊ ဇာတိမာန်၊ မင်းမြန်မာ၊ ရိုးရာဆင်ပြိုင်ပွဲတွင် လှယဉ်ကျေး၊ ပိတောက်မြိုင်၊ မြင်းစိုင်းဇာနည်၊ မင်းမင်းနိုင်၊ မြတ်ဂုဏ်ရည်၊ လှရွှေဆည်၊ နောက်တိုး၊ ဇာနည်ဘွားနှင့် ရဲထက်အောင်အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရပ်ကွက်ဆုပေးမဏ္ဍပ်များတွင်လည်း ဆင်အဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရပ်ကွက်များသို့ လှည့်လည်ဖျော်ဖြေကြသည်။ သီတင်းကျွတ်လပြည့်နေ့ နံနက်တွင် ရွှေသာလျောင်းတောင်ပေါ်သွားရောက်၍ သစ်သီး၊ ပန်း၊ ဆီမီးများဖြင့် ဆင်လှူပွဲကျင်းပကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# ကွမ်းခြံကုန်းမြို့နယ် ဆယ်အိမ်တန်းကမ်းခြေတွင် ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့များ၊ အပျော်စီးစက်ဘီးအဖွဲ့များဖြင့် စည်ကားလျက်ရှိ

**ကွမ်းခြံကုန်း အောက်တိုဘာ ၂၃**

ပွင့်လင်းရာသီ ရောက်ပြီဖြစ်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆယ်အိမ်တန်းကမ်းခြေတွင် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေကြသူများအပြင် ယခု သီတင်းကျွတ်မီးထွန်းပွဲတော်ကာလအတွင်း ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့များ၊ အပျော်စီး စက်ဘီးအဖွဲ့များဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး လူသိများလာသော ဆယ်အိမ်တန်းကမ်းခြေကို ယာဉ်များ၊ ဆိုင်ကယ်များဖြင့် လာရောက်ပြီး ကမ်းခြေသဲသောင်ပြင်ပေါ် အပန်းဖြေအနားယူသူများလည်းရှိကြောင်း သိရသည်။ ထို့ပြင် ညနေ နေဝင်ချိန် ကမ်းခြေရှုခင်းက လွန်စွာလှပသောကြောင့် နေဝင်ဆည်းဆာအလှကို စောင့်ဆိုင်းကာ အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ရန်ကုန်မြို့၏ တစ်ဖက်ကမ်း ဒလဆိပ်ကမ်းမှတစ်ဆင့် တစ်နာရီကျော်သာ မောင်းနှင်ရသောကြောင့် ဆယ်အိမ်တန်းကမ်းခြေ၌ ရုံးပိတ်ရက်များနှင့် အခါကြီးရက်ကြီးများတွင် နေ့ချင်းပြန်ခရီး လာရောက်အပန်းဖြေလျက်ရှိကြောင်း သိရသည်။

**သတင်း- ပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**

# ၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်လေ့ကျင့်ပြင်ဆင်

**ရန်ကုန် အောက်တိုဘာ ၂၃**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာဖူဆယ်အသင်းသည် တရုတ်ခရီးစဉ်အပြီးတွင် တစ်ရက်သာနားကာ လေ့ကျင့်မှုပြန်လည်ပြုလုပ်နေခြင်းဖြစ်သည်။

မြန်မာဖူဆယ်အသင်းသည် တရုတ်ခရီးစဉ်သွားရောက်ခဲ့သည့် ကစားသမား ၂၀ ဖြင့် ဆက်လက်လေ့ကျင့်လျက်ရှိပြီး အပြီးသတ် ၁၆ ဦးကို ရက်ပိုင်းအတွင်း ရွေးချယ်မည်ဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် တရုတ်ခြေစမ်းခရီးစဉ်မှ အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး တစ်ရက်သာနား၍ ပြန်လည်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲအတွက် စက်တင်ဘာ ၁၇ ရက်မှစ၍ လေ့ကျင့်ခဲ့ပြီး အောက်တိုဘာ ၉ ရက်မှ ၁၉ ရက်အထိ တရုတ်နိုင်ငံ Quangdao မြို့၌ သွားရောက်လေ့ကျင့်ခဲ့ကာ တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရခဲ့သည်။ မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ ဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က) တွင် မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ အုပ်စု(ခ) တွင် ထိုင်း၊ ဗီယက်နမ်၊ ဘရူနိုင်း၊ တီမောအသင်းတို့ ပါဝင်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်းတွင် အုပ်ချုပ်သူ ဦးကြည်မင်းသိန်း၊ နည်းပြချုပ် ဦးဌေးမြင့်၊ လက်ထောက်နည်းပြ ဦးကျော်ဇင်ညွန့်၊ ဂိုးနည်းပြ ဦးထွန်းထွန်းလတ်၊ ဂိုးသမား ဖွဲ့ပြည့်စုံ (GV Athletic)၊ ကျော်ထက်အောင်၊ ရန်ပိုင်ဟိန်း (MIC)၊ ကစားသမား သန့်ဇင်၊ ကောင်းချစ်သူ (GV Athletic)၊ ရဲရင့်ဦး(မြို့မ)၊ ကျော်စိုးမိုး၊ နိုင်ရဲကျော်၊ ပြည့်ဖြိုးမောင်-၂၊ ခင်ဇော်လင်း၊ ပြည့်ဖြိုးမောင်-၃၊ လှိုင်မင်းထွန်း၊ ကိုကိုလွင်(MIC)၊ မျိုးမြင့်စိုး၊ စိုင်းပြုံးအောင်၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်၊ ဝေဇင်ဦး(VUC)၊ ပုည(Comrade)တို့ ပါဝင်ကြသည်။ **ရှိုင်းထက်ဇော်**

# ဆူဇူကီးပြိုင်ပွဲတွင် ချီးမြှင့်မည့် ဆုဖလားအား ရန်ကုန်မြို့၌ ပြသ

**ရန်ကုန် အောက်တိုဘာ ၂၃**

အရှေ့တောင်အာရှဒေသတွင်း၌ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် ချီးမြှင့်မည့် ချန်ပီယံဆုဖလား မိတ်ဆက်ပြသပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ရှိ မြန်မာပလာဇာ၌ ကျင်းပသည်။

အခမ်းအနားတွင် Suzuki (Myanmar)Motors Co.,Ltd မန်နေဂျင်းဒါရိုက်တာ Mr. Keiichi Asano နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့က အမှာစကားပြောကြားပြီး အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ဆက်လက်၍ ဆူဇူကီးဖလားပြိုင်ပွဲတွင် ချီးမြှင့်မည့် ချန်ပီယံဆုဖလားအား စင်မြင့်ထက်သို့ သယ်ဆောင်ကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ တွဲဖက်အတွင်းရေးမှူး ဦးတင်မြင့်အောင်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ Suzuki(Myanmar) Motors Co.,Ltd မန်နေဂျင်းဒါရိုက်တာ Mr. Keiichi Asano၊ အနုပညာရှင်များ၊ မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်သည့် ဦးမျိုးလှိုင်ဝင်းနှင့် ဒေါ်စန်းစန်းမော်တို့က အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တက်ရောက်လာသည့် အနုပညာရှင်များအား မေးခွန်းများမေးမြန်းပြီး မီဒီယာများ၏ မေးမြန်းချက်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးတင်မြင့်အောင်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများဖြစ်သည့် ဦးမျိုးလှိုင်ဝင်းနှင့် ဒေါ်စန်းစန်းမော်တို့က ပြန်လည်ဖြေကြားသည်။ ယင်းဆုဖလားကို မြန်မာပလာဇာတွင် အောက်တိုဘာ ၂၅ ရက်အထိ ပြသမည်ဖြစ်ပြီး မြန်မာပရိသတ်များအတွက် ဂိမ်းအစီအစဉ်များ၊ ဆုဖလားနှင့် ဓာတ်ပုံရိုက်ကူးနိုင်မည့် အစီအစဉ်များကို ထည့်သွင်းထားသည်။

ဆူဇူကီးဖလားပြိုင်ပွဲ Trophy Tour အစီအစဉ်ကို ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ စတင်ခဲ့ပြီး မြန်မာနိုင်ငံပြီးပါက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တို့တွင် ထပ်မံပြသမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# သုံးခွမြို့၌ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံ

**သုံးခွ အောက်တိုဘာ ၂၃**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးတွင် တစ်နှစ်တာကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းရပ်ကွက် အသီးသီးသို့ ဒေသခံပြည်သူများ အန္တရာယ်ကင်းဝေးစေရန် ဒေသစာရီ ကြွချီ လှည့်လည်အပူဇော်ခံပွဲကို အောက်တိုဘာ ၂၃ ရက် (သီတင်းကျွတ်လဆန်း ၁၄ ရက်) နေ့လယ်ပိုင်းမှစတင်ကာ အတီးအမှုတ်အကများဖြင့် လှည့်လည်ခဲ့ကြကြောင်း သိရသည်။

လှည့်လည်အပူဇော်ခံပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဘုရားစေတီတော်များမှ ဂေါပကအဖွဲ့ဥက္ကဋ္ဌများနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးစိတ်ဝင်စားသူလူငယ်များနှင့် ရပ်ကွက်နေပြည်သူများ လိုက်ပါကုသိုလ်ယူဆောင်ရွက်ကြကြောင်းနှင့် ရပ်ကွက်အသီးသီးရှိ စေတနာရှင်၊ အလှူရှင်များကလည်း မိမိတို့၏ လမ်းတစ်လျှောက် ရပ်ကွက်အလိုက် အစားအသောက်များ၊ ရေသန့်ဘူးများ၊ အချိုရည်ဘူးများဖြင့် ပေးဝေကုသိုလ်ယူဒါနပြုခဲ့ကြကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**



အောက်တိုဘာ ၂၃ ရက် (သီတင်းကျွတ်လဆန်း ၁၄ ရက်၊ အဖိတ်နေ့) တွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဖိုးဇောင်းတောင်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ ဆီမီး၊ ပန်း၊ အမွှေးတိုင်နှင့် ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး ဖူးမြော်ပူဇော်နေကြစဉ်။

**ကိုပေါက် (ဥတ္တာမြေ)**

# ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားပရိဝုဏ်အတွင်းရှိ စေတီပုထိုးတော်များအား ဆီမီးတစ်သောင်းတစ်ထောင်ပူဇော်မည်

**ပင်းတယ အောက်တိုဘာ ၂၃**
ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရွှေဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားပရိဝုဏ်အတွင်းရှိ တည်ထားကိုးကွယ်ထားသည့် စေတီပုထိုးတော်များအား သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ညတွင် ဆီမီးတစ်သောင်းတစ်ထောင် ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆီမီးတစ်သောင်းတစ်ထောင် ကပ်လှူပူဇော်ခြင်းကို ပင်းတယမြို့နယ်အတွင်းရှိ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်အစရှိသည့် ဒေသနေတိုင်းရင်းသားပြည်သူများ၊ ရပ်ဝေးရပ်နီးမှ အလှူရှင်များနှင့် ရွှေဥမင်ဘုရားသို့ လာရောက်ဖူးမြော်ကြသည့်ဘုရားဖူးဧည့်သည်များ၏ အလှူငွေများဖြင့် အလယ်ဂူနေလကျောင်းတိုက်ဆရာတော် ဦးကုသလ၏ ဩဝါဒဖြင့် လှူဒါန်းပူဇော်ကြမည်ဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညနေ ၆ နာရီမှစတင်ကာ ဆီမီးများထွန်းညှိပူဇော်မည်ဖြစ်ပြီး ဆရာတော်၊ သံဃာတော်များအား ရှိခိုးကန်တော့၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

**သန်လျင်မြို့ မြို့မတောင်ရပ်ကွက် သီတာရေမြောင်းကြီးလမ်း မိသားစုက သီတင်းကျွတ်ပွဲတော်တွင် အောင်ချမ်းသာရပ်ကွက် ခေမာရာမ သီလရှင်စာသင်တိုက်နှင့် ပညာရေးကျောင်းမှ ဆရာကြီး ဆရာလေးအပါး ၁၁၀ တို့အား အောက်တိုဘာ ၂၃ ရက် ညနေက ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။**

သန်းဝင်း



# ကျိုက္ခမီ-စက်စဲ လမ်းဆုံအဝိုင်းတွင် ဟင်္သာရုပ်တုတပ်ဆင်

**သံဖြူဇရပ် အောက်တိုဘာ ၂၃**
မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ ကျိုက္ခမီ-စက်စဲသွားကားလမ်းဆုံအဝိုင်းတွင် မွန်လူမျိုးတို့၏ ယဉ်ကျေးမှုအထိမ်းအမှတ်ဖြစ်သည့် ဟင်္သာရုပ်တု တပ်ဆင်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါလမ်းဆုံအဝိုင်းနေရာ၌ ကျင်းပသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် ရုပ်တုတပ်ဆင်ပွဲကျင်းပရေးကော်မတီဝင် ဦးထွန်းမြင့်ကျော်တို့က ဖွင့်ပွဲအထိမ်းအမှတ် အမှာစကားပြောကြားသည်။

ယခုဟင်္သာရုပ်တုတပ်ဆင်ဖွင့်လှစ်သည့် ကျိုက္ခမီ-စက်စဲလမ်းခွဲအဝိုင်းသည် သံဖြူဇရပ်မြို့မှ ငါးမိုင်ကွာဝေးပြီး ထိုမှ ကျိုက္ခမီမြို့ ရေလယ်ဘုရားသို့ ၁၀ မိုင်၊ စက်စဲကမ်းခြေသို့ ငါးမိုင်ခရီးအကွာအဝေးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မောင်တောဒေသ၌ အဝေးသင်တက္ကသိုလ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်

**မောင်တော အောက်တိုဘာ ၂၃**
ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ပညာသင်ကြားခွင့် အခက်အခဲရှိနေသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အဝေးသင်တက္ကသိုလ် မောင်တောဌာနခွဲဖွင့်လှစ်၍ ယခုနှစ် ပညာသင်နှစ်မှစတင်ပြီး သင်ကြားလျက်ရှိကြောင်း အဆင့်မြင့်ပညာဦးစီးဌာန(မောင်တောဌာနခွဲ)မှ သိရသည်။

"အခုနှစ်မှာ စစ်တွေတက္ကသိုလ်ကနေ ဘူးသီးတောင်နဲ့ မောင်တောဌာနခွဲတွေ ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ ရုံးဝန်ထမ်းတွေက ရခိုင်၊ ကမန် တိုင်းရင်းသားတွေနဲ့ အစ္စလာမ်ဘာသာဝင်တွေ၊ ဟိန္ဒူဘာသာဝင်တွေ တက္ကသိုလ်ပညာသင်ကြားနိုင်ရေးအတွက် စာရင်းကောက်ယူမှုတွေ ပြုလုပ်နေပါတယ်။ နိုဝင်ဘာ ၅ ရက်ကနေ ၁၄ ရက်အထိ အနီးကပ်သင်တန်းတွေကို သင်ကြားပေးမှာဖြစ်ပါတယ်။ မောင်တောမှာ အခုနှစ်က စတင်ဖွင့်လှစ်သင်ကြားပေးတာဖြစ်ပါတယ်။ ဘူးသီးတောင်မှာ ၂၀၁၂ ခုနှစ်ကတည်းက သင်ကြားပေးခဲ့တာဖြစ်ပါတယ်။ အခုဖွင့်လှစ်မယ့် အနီးကပ်သင်တန်းကို ဘူးသီးတောင်က ကျောင်းသား ၂၃၆ ဦးနဲ့ မောင်တောက ၇၂ ဦး တက်ရောက်ကြမှာဖြစ်ပြီး မြန်မာစာနဲ့ သမိုင်းအထူးပြုတွေ ဖြစ်ပါတယ်။ ဆရာ ဆရာမက ဘူးသီးတောင်မှာ ၁၃ ဦး၊ မောင်တောမှာ ရှစ်ဦးနဲ့ လာရောက်သင်ကြားပေးမှာ ဖြစ်ပါတယ်။ စစ်တွေတက္ကသိုလ်မှာ ကျောင်းသား ကျောင်းသူ တစ်သောင်းခန့်ရှိတဲ့အတွက် စစ်တွေတက္ကသိုလ်က ဆရာ ဆရာမတွေ သင်ကြားရေး မလုံလောက်တာကြောင့် အဆင့်မြင့်ပညာဦးစီးဌာနမှ ရန်ကုန်အနီးဝန်းကျင်တက္ကသိုလ်တွေက ဆရာ ဆရာမတွေကို ခေါ်ယူပြီး ဘူးသီးတောင်နဲ့မောင်တောကို စေလွှတ်သင်ကြားပေးမှာ ဖြစ်ပါတယ်။ အခုမောင်တောဒေသကို သွားရောက်ကြမယ့် ဆရာ ဆရာမတွေ အခက်အခဲမရှိ သင်ကြားနိုင်ရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကူညီပေးပါတယ်"ဟု စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းထွဋ်လွင်က ပြောသည်။




ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းထွဋ်လွင်။

ယခုနှစ် အဝေးသင်တက္ကသိုလ် အနီးကပ်သင်တန်းသို့ မောင်တောဌာနခွဲတွင် ကျောင်းသား ကျောင်းသူ ၇၂ ဦးနှင့် ဘူးသီးတောင်ဌာနခွဲတွင် ကျောင်းသား ကျောင်းသူ ၂၃၆ ဦးတို့ တက်ရောက်ကြမည့်အပြင် ရန်ကုန်မြို့ အနီးဝန်းကျင်တက္ကသိုလ်များမှ ဆရာ ဆရာမ ၂၁ ဦးကလည်း လာရောက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဝင်း၊ အောင်ကျော်ဦး**

# သီတင်းကျွတ်လပြည့်နေ့အကြို စစ်တွေမြို့ မြို့မဈေးကြီး၌ စည်ကား

**စစ်တွေ အောက်တိုဘာ ၂၃**
သီတင်းကျွတ်လပြည့်နေ့အကြို ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့မဈေးကြီး၌ အနယ်နယ်အရပ်ရပ်မှ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ယခုနှစ် သီတင်းကျွတ်လပြည့်နေ့ ပွဲတော်ရက်အပါအဝင် စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက် ဆက်တိုက်ဖြစ်နေခြင်း၊ ရာသီဥတုသာသာယာယာရှိနေခြင်း၊ ဆွမ်းတော်ကြီးလောင်းလှူပွဲများရှိနေခြင်းကြောင့် မြို့နယ်အသီးသီးမှ ဈေးဝယ်လာသူ များပြားနေကြောင်း ပေါက်တောမြို့နယ် မြင့်ဂါသစ်ကျေးရွာမှ ဈေးဝယ်လာသူ တစ်ဦးက ပြောသည်။

အထူးသဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ စားကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အချိုရည်များ ရောင်းအားကောင်းကြောင်း၊ ပုံမှန်နေ့တွင် ရောင်းမကောင်းကြောင်း၊ ရောင်းအားကောင်းသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်ကြောင်း စစ်တွေမြို့ မြို့မဈေးမှ စားကုန်ရောင်းချသူ ဒေါ်လှဝင်းက ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# ရွှေ့ပြောင်းအခြေစိုက်နေထိုင်လိုသူ လူအုပ်ကြီးများ ရွှေ့လျားလာမှု နိုင်ငံတော် အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ဟု သမ္မတထရန့်ပြော



**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်-မက္ကဆီကို နယ်စပ်ဒေသသို့ ဦးတည်နေသော ရွှေ့ပြောင်းအခြေစိုက်နေထိုင်လိုသူ လူအုပ်ကြီးများ ရွှေ့လျားလာမှုသည် နိုင်ငံတော် အရေးပေါ် အခြေအနေ တစ်ရပ်ဖြစ်ပြီး အမေရိကန် နယ်ခြားစောင့်တပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့များကို မိမိတပ်လှန့်ထားသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ် ထရန့်က သတိပေးပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံတောင်ပိုင် နယ်စပ်ဒေသသို့ ဦးတည်သွားရောက်နေကြသော ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူ လူအုပ်ကြီးများကို မက္ကဆီကို ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့များက တားဆီးနိုင်စွမ်းမရှိသည့် ပုံအသွင် တွေ့မြင်နေရကြောင်း သမ္မတထရန့်က လူမှုကွန်ရက်မီဒီယာဖြစ်သော တွစ်တာမှတစ်ဆင့် ပြောကြားသည်။

အမေရိကန် နယ်ခြားစောင့် တပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့များကို နိုင်ငံတော် အရေးပေါ် အခြေအနေတစ်ရပ်အဖြစ် မိမိတပ်လှန့်ထားကြောင်း သမ္မတ ထရန့်၏ တွစ်တာစာမျက်နှာတွင် ဖော်ပြထားသည်။

အမေရိကတိုက် အလယ်ပိုင်းဒေသမှ လူထောင်ပေါင်းများစွာသည် ပြည်ဝင်ခွင့်ဆိုင်ရာ အထောက်အထားများမပါရှိဘဲ ရွှေ့ပြောင်းခိုလှုံခွင့် ရရှိရန် အုပ်စုအလိုက် စုဝေးချီတက်လာနေကြခြင်းမှာ မက္ကဆီကိုနှင့် အမေရိကန် အစိုးရအဖွဲ့များအား ပေါ်ပေါ်ထင်ထင် အာခံမှုအဖြစ် ရှုမြင်ရသည်။

လူအုပ်ကြီးများသည် ရက်သတ္တတစ်ပတ်ကျော်မျှ စုဝေးချီတက်လာခဲ့ကြပြီး အမေရိကန်ပြည်ထောင်စုသို့ ဦးတည်လျက် ဆက်လက်သွားရောက်ကြရန် သန္နိဋ္ဌာန်ချထားပုံရကြောင်း၊ မက္ကဆီကို တောင်ပိုင်းတွင် အောက်တိုဘာ ၂၁ ရက်က ခရီးရှည်ချီတက်မှုကို ပြန်လည်စတင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ရွှေ့ပြောင်းအခြေစိုက်ရန် ရည်ရွယ်ချက်ဖြင့် စုဝေးချီတက်နေကြသော လူအုပ်ကြီးများကို မက္ကဆီကို အစိုးရအဖွဲ့က တားဆီးနိုင်ခြင်းမရှိဟုဆိုကာ သမ္မတထရန့်က ဖိအားပေးလျက်ရှိသည်။ ရွှေ့ပြောင်းအခြေစိုက်လိုသူများသည် နယ်ခြားဖြတ်ကျော်ရေး စခန်းတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် မက္ကဆီကို အစိုးရအဖွဲ့က ညွှန်ကြားခဲ့သော်လည်း လူအုပ်ကြီးများက လိုက်နာခြင်းမရှိဘဲ ရှေ့တိုးချီတက်ရန် လုပ်ဆောင်ခဲ့ကြသည်ဆို၏။

မက္ကဆီကို နယ်စပ်ဒေသ၌ တားဆီးခံရသူ လူအုပ်ကြီးများအနက် ပါဝင်သူများမှာ ဟွန်ဒူရပ်စ်နိုင်ငံမှ ဖြစ်ကြသည်။ စုဝေးချီတက်လာကြသော လူအုပ်ကြီးများမှာ လူပေါင်း ၇၀၀၀ ကျော် ပါဝင်သည်ဟု ခန့်မှန်းရပြီး မကြာသေးမီရက်များအတွင်း ယင်းလူအုပ်များအနက်မှ လူအချို့က ဆူချီယက်မြစ်ကို ရေကူး၍တစ်မျိုး၊ ဖောင်စီး၍တစ်နည်း ဖြတ်ကျော်ခဲ့ကြသည်။ ဆူချီယက်မြစ်သည် ဂွာတီမာလာနိုင်ငံကို မက္ကဆီကို နိုင်ငံနှင့် ခြားထားသော မြစ်တစ်စင်းဖြစ်သည်။

**အေအက်ဖ်ပီ**




# ကမ္ဘာ့ရှေးအကျဆုံး သင်္ဘောပျက်တစ်စင်း ပင်လယ်နက် ကြမ်းပြင်တွင် ပကတိအတိုင်း ရှာဖွေတွေ့ရှိ

**ဆိုဖီယာ အောက်တိုဘာ ၂၃**

နှစ်ပေါင်း ၂၄၀၀ ကျော် သက်တမ်းရှိ ဂရိကုန်သွယ်သင်္ဘောပျက်တစ်စင်းကို ဘူဂေးရီးယားနိုင်ငံအနီး ပင်လယ်နက် ကြမ်းပြင်တွင် ထောင်လျက်အနေအထားဖြင့် ပကတိအတိုင်းရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းမှာ ကမ္ဘာပေါ်တွင် ရှေးအကျဆုံး သင်္ဘောပျက်တစ်စင်းဖြစ်ကြောင်း သုတေသီများက အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားသည်။

ယခုတွေ့ရှိရသည့် ရှေးဟောင်းအကျဆုံး သင်္ဘောပျက်သည် ပင်လယ်နက် ပင်လယ်ရေကြောင်းဆိုင်ရာ ရှေးဟောင်းသုတေသန စီမံကိန်းအရ ရှာဖွေတွေ့ရှိရသည့် သင်္ဘောပျက်အစင်းရေ ၆၀ ကျော်ထဲတွင် တစ်စင်းအဖြစ် ပါဝင်ကြောင်း၊ တွေ့ရှိရသည့် သင်္ဘောပျက်များတွင် ရောမခေတ်မှ သင်္ဘောများနှင့် ၁၇ ရာစုနှစ်အတွင်းက ကော့ဆက်လူမျိုးများ၏ စစ်သင်္ဘောတစ်စင်းလည်း ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။

သုံးနှစ်ကြာ စီမံကိန်းအတွင်း သုတေသီများက ကမ်းလွန်ပင်လယ်ပြင်၌ ရေနံနှင့်ဓာတ်ငွေ့စူးစမ်းရှာဖွေရာတွင် ပင်လယ်ကြမ်းပြင် မြေပုံရိုက်ကူးရေးလုပ်ငန်းအတွက် အသုံးပြုခဲ့သော ပင်လယ်ရေနက်ပိုင်း စူးစမ်းလေ့လာရေး အထူးကင်မရာများကို အသုံးပြုခဲ့သည်။

နစ်မြုပ်နေသည့် အဆိုပါ သင်္ဘောမှ အစိတ်အပိုင်းငယ်တစ်ခုကို ကာဗွန်နည်းပညာဖြင့် သက်တမ်း တွက်ချက်ကြည့်ရာ ယင်းသင်္ဘောမှာ သက်တမ်းအရင့်ဆုံးသင်္ဘောပျက်ဟု အတည်ပြုနိုင်ခဲ့ကြောင်း အဆိုပါ စီမံကိန်းအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

နစ်မြုပ်နေသည့် သင်္ဘောပျက်သည် ပင်လယ်ကြမ်းပြင်ပေါ် လဲလျောင်းနေပြီး သင်္ဘော၏ ရွက်တိုင်နှင့် တက်တို့မှာ ပကတိအတိုင်း တည်ရှိနေသည်။ ၎င်းသင်္ဘောနစ်မြုပ်သည်မှာ ဘီစီ ၄၀၀ ခန့်က ဖြစ်ပြီး ထိုစဉ်က ပင်လယ်နက်သည် ဂရိကိုလိုနီ နယ်မြေများနှင့် ကုန်သွယ်ရာတွင် အဓိကကျသော ကုန်သွယ်ရေးစခန်းအဖြစ် တည်ရှိခဲ့သည်။

ဂရိကုန်သင်္ဘော ဒီဇိုင်းပုံစံရှိသင်္ဘောကို ယခင်က ရှေးဟောင်းဂရိမြေအိုးမြေထည်များပေါ်ရှိ သရုပ်ဖော်ပုံများတွင်သာ တွေ့မြင်ခဲ့ရကြောင်း၊ ယင်းသင်္ဘောသည် ပင်လယ်ရေအောက် အနက် မီတာ ၂၀၀၀ ကျော်(ပေ ၆၅၀၀)တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ သင်္ဘောနစ်မြုပ်ရာနေရာသည် ပင်လယ်နက်၏ အောက်ဆီဂျင်ဓာတ် ကင်းမဲ့သော နေရာ၌ တည်ရှိသဖြင့် သင်္ဘောပျက်၏ ရွက်တိုင်များနှင့် တက်များမှာ မပျက်မစီး တည်ရှိနေခြင်းဖြစ်ကြောင်း သုတေသီအဖွဲ့က ပြောကြားသည်။

**အေအက်ဖ်ပီ**

# ဗုဒ္ဓဟူးဂြိုဟ် လေ့လာရေးအာကာသခရီးစဉ် ဂျပန်နှင့် ဥရောပအာကာသအေဂျင်စီများ စတင်

**ကူရူး (ပြင်သစ် ဂီယာနာ)**
**အောက်တိုဘာ ၂၃**

ဗုဒ္ဓဟူးဂြိုဟ်သို့ ဦးတည်သွားရောက်မည့် ခုနစ်နှစ်ကြာခရီးစဉ် စတင်မှုအဖြစ် အာကာသ စူးစမ်းလေ့လာရေး စက်ရုပ်ယာဉ် နှစ်စင်းကို တင်ဆောင်ထားသည့် အာရီး-၅ အမျိုးအစား ဒုံးပျံယာဉ်တစ်စင်းကို ပြင်သစ် ဂီယာနာရှိ ကူရူး အာကာသစခန်းမှ လွှတ်တင်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

## သွားရောက်

ဂျပန်အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီနှင့် ဥရောပအာကာသ အေဂျင်စီတို့က သီးခြားစီ တည်ဆောက်ခဲ့ကြသော စက်ရုပ်ယာဉ်နှစ်စင်းသည် နေစကြဝဠာတွင် နေနှင့် အနီးကပ်ဆုံး တည်ရှိသော ဗုဒ္ဓဟူးဂြိုဟ်သို့ ဦးတည်လျက် ကီလိုမီတာ ကိုးဘီလီယံ အကွာအဝေးရှိ ခရီးတာကို စတင်သွားရောက်လျက်ရှိသည်။ အာရီး-၅ အမျိုးအစား ဒုံးပျံယာဉ်ကို အောက်တိုဘာ ၁၉ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဟူးဂြိုဟ် အနီးအပါးမှ ဂြိုဟ်ပတ်လမ်းကြောင်းအတိုင်း တစ်နှစ်တာ ပျံသန်းကာ ယင်းဂြိုဟ်နှင့် သက်ဆိုင်နေသော သတင်းအချက်အလက်များကို စုဆောင်းရယူသွားရန် အာကာသစူးစမ်းလေ့လာရေး ခရီးစဉ်က ရည်မှန်းသည်။

ဂျပန်နှင့် ဥရောပ အာကာသအေဂျင်စီတို့၏ ပူးတွဲလေ့လာရေး မစ်ရှင်လုပ်ငန်းတစ်ရပ်ကို 'ဘဲပီကိုလံဘို'ဟူ၍ အမည်ပေးထားသည်။ သင်္ချာပညာရှင် ဂူဆက်ပီ ဘဲပီ ကိုလံဘိုသည် ဗုဒ္ဓဟူးဂြိုဟ်ကို ပထမဆုံး စူးစမ်းလေ့လာခဲ့သူဖြစ်ပြီး ၎င်းအား ဂုဏ်ပြုသည့်အနေဖြင့် ယင်းမစ်ရှင်လုပ်ငန်းကို 'ဘဲပီကိုလံဘို' ဟူ၍ အမည်ပေးထားခြင်းဖြစ်သည်။

## စုစည်း

ဗုဒ္ဓဟူးဂြိုဟ် စူးစမ်းလေ့လာရေး ခရီးစဉ်ကို နှစ်ကြိမ်မျှသာ ဆောင်ရွက်နိုင်ခဲ့ပြီး ယင်းစူးစမ်း လေ့လာမှုများကို ပြုလုပ်ခဲ့သည့် နိုင်ငံမှာ အမေရိကန် ပြည်ထောင်စုဖြစ်သည်။ အမေရိကန်၏ စူးစမ်းလေ့လာရေး ခရီးစဉ်များအရ ဗုဒ္ဓဟူးဂြိုဟ်ပေါ်တွင် အေးခဲနေသော ရေတည်ရှိနေပုံကို အထောက်အထားများ စုစည်းနိုင်ခဲ့ပြီးဖြစ်သည်။

**ကျိုဒိုနယူး**



# အာဖဂန် အနောက်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား၊ နေတိုးတပ်သား တစ်ဦးသေဆုံး

**ကဘူး အောက်တိုဘာ ၂၃**

အာဖဂန်နစ္စတန်နိုင်ငံတွင် အောက်တိုဘာ ၂၂ ရက်က တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် နေတိုးတပ်ဖွဲ့မှ စစ်သည်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရခဲ့ကြောင်း၊ အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့နှင့် အာဖဂန်အဆင့်မြင့် တာဝန်ရှိသူများ၏ လုံခြုံရေးဆိုင်ရာ အစည်းအဝေး ကျင်းပချိန်အတွင်း ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ခြင်းကြောင့် အမေရိကန် ဗိုလ်ချုပ်ကြီးတစ်ဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်ရပ်ပေါ်ပေါက်ပြီးနောက် ရက်အနည်းငယ်အကြာတွင် ယခုတိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်ဖွဲ့ဝင် သုံးဦးမှာ မည်သည့်နိုင်ငံသားများ ဖြစ်ကြသည်ကို နေတိုးအဖွဲ့က လတ်တလောတွင် ထုတ်ပြန်ကြေညာခြင်း မရှိသော်လည်း ၎င်းတို့မှာ အမေရိကန်စစ်သည်များ မဟုတ်ဟု ယူဆရသည်။ ကနဦး သတင်းများအရ ယင်းတိုက်ခိုက်မှုကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးက ကျူးလွန်ခဲ့ကြောင်း အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားဦးကြီးများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဆင့် ရာသီအလိုက်ထုတ်ချေးလျက်ရှိရာ ယခုအစိုးရသစ်လက်ထက်တွင် တစ်ဧကချေးငွေ နှုန်းထားများကို အောက်ပါအတိုင်း တိုးမြှင့်ထုတ်ချေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင်လည်း အခြားသီးနှံ တစ်ဧက နှုန်းထားကို ကျပ် ၅၀၀၀၀/-မှ ကျပ် ၁၀၀၀၀၀/-သို့ တိုးမြှင့်ထုတ်ချေးသွားမည် ဖြစ်ပါသည်-

| **စဉ်** | **ဘဏ္ဍာရေးနှစ်** | **သီးနှံအမျိုးအစား** | **တစ်ဧကချေးငွေနှုန်းထား(ကျပ်)** |
|---|---|---|---|
| (က) | ၂၀၁၆-၂၀၁၇ | စပါး | ကျပ် ၁၀၀၀၀၀ မှ ၁၅၀၀၀၀ |
| (ခ) | ၂၀၁၇-၂၀၁၈ | အခြားသီးနှံ | ကျပ် ၂၀၀၀၀ မှ ၅၀၀၀၀ |
| (ဂ) | ၂၀၁၈-၂၀၁၉ | အခြားသီးနှံ | ကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ |

၂။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်နှစ် ၂၀၁၈ မိုးချေးငွေ ထုတ်ချေးသကဲ့သို့ပင် **“တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇)မူရင်းကို ဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်း ကိုယ်တိုင်အာမခံသောစနစ်”** ဖြင့် လွယ်ကူရှင်းလင်းစွာ ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေများကို အောက်ပါအတိုင်း ထုတ်ချေးပေးမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၈ ခုနှစ် ဆောင်းချေးငွေ | ၂၀၁၈ ခုနှစ် | **အောက်တိုဘာလ (၂၆) ရက်နေ့မှ ဒီဇင်ဘာလကုန်အထိ** |
| (ခ) | ၂၀၁၉ ခုနှစ် မိုးကြိုချေးငွေ | ၂၀၁၉ ခုနှစ် | **ဇန်နဝါရီလ (၁) ရက်နေ့မှ မတ်လကုန်အထိ** |
| (ဂ) | ၂၀၁၉ ခုနှစ် မိုးချေးငွေ | ၂၀၁၉ ခုနှစ် | **မေလ (၂) ရက်နေ့မှ စက်တင်ဘာလကုန်အထိ** |

၄။ သို့ပါ၍ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၈၄၅ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၃၇၀ သန်း) စုစုပေါင်းတားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၂၁၅ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၂ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့တို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ပိန်းဆာကျေးရွာအနီး Mitsubishi Fuso ၁၂ ဘီး ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပေါင် ၃၀ ဝင် မီးသွေးအိတ် ၆၁၅ အိတ်နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁ ဒသမ ၈၄၅ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်း၊ အလုံနှင့် လောက်ကိုင်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

**ကော့သောင်းမြို့နယ်**

မူးယစ်တပ်ဖွဲ့စု ၃၄ ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၂ ရက် ည ၇ နာရီ ၁၅ မိနစ်က ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် ဆင်ဖြူရှင်လမ်းတွင် ထက်ဦးအား မော်တော်ဆိုင်ကယ်နှင့်အတူတွေ့ရှိ၍ ရှာဖွေရာ မော်တော်ဆိုင်ကယ်ရှေ့ကာဘာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၈ နာရီတွင် ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် တပင်ရွှေထီးလမ်းနေ စည်သူကျော်၏ အခန်းကိုဝင်ရောက်ရှာဖွေရာ ၎င်း၏အိပ်ရာခေါင်းရင်းနံရံတွင် ချိတ်ထားသည့် ပလတ်စတစ်အိတ်နှင့် ဘေးလွယ်အိတ်အတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၈၀၊ ငွေကျပ် ၁၇ ဒသမ ၁ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊

**အလုံမြို့နယ်**

အလားတူ ယင်းနေ့ ည ၇ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၄၃)ရန်ကုန်တောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အလုံမြို့နယ် ဗဟိုလမ်းနှင့်ရှင်စောပုလမ်းထောင့်ရှိ စားသောက်ဆိုင် ကားပါကင်အနီးတွင်တွေ့ရှိသူ မျိုးခန့်ကိုကိုအား ရှာဖွေရာ ၎င်း၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၇ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊

**လောက်ကိုင်မြို့နယ်**

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခွဲက တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု ၂၁ ကွမ်းလုံမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက် စီအောလမ်းနှင့် မင်ဆူလမ်းသွယ်(၂)ထောင့်တွင်တွေ့ရှိသူ လီဝိန်ပင်းနှင့် လီကော်မြင်တို့အားရှာဖွေရာ ၎င်းတို့ကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဆက်လက်ရှာဖွေရာ ညနေ ၆ နာရီတွင် ရန်ကော်ကျင်းအား လောက်ကိုင်မြို့ ထန်ရိပ် KTV ၌ ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



ထက်ဦး



စည်သူကျော်

**သတင်းစဉ်**



# ကလောမြို့နယ်၌ ဘိန်းခင်း ငါးဧက ဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၂၃**

တောင်ကြီးခရိုင် ကလောမြို့နယ် ကျောက်ဆုတ်ကျေးရွာ အနောက်မြောက်ဘက် လေးမိုင်ခန့်အကွာ၌ အမြင့် သုံးလက်မခန့်ရှိ ဘိန်းခင်းငါးဧကအား ကလောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီမှ ၅ နာရီ ၅ မိနစ်အထိ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# အသိပေးနှိုးဆော်ချက်

မကြာမီကာလအတွင်း သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ရောက်ရှိပြီး အဆိုပါပွဲတော်များကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများကလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**






# မြိုင်မြို့နယ်၌ ပုံးသီးဟောင်းနှစ်လုံးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် နွာပင်ကျေးရွာနေ ဦးသိန်းဆွေ၏နေအိမ် အနောက်တောင်ဘက် ခြံစည်းရိုးအနီး၌ အောက်တိုဘာ ၂၂ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က မြေတူးစက်ဖြင့် ရေပိုက်လိုင်းများတူးဖော်စဉ် အရှည် ၂၀ လက်မခန့်၊ အချင်း ခြောက်လက်မခန့်ရှိ ပုံးသီးဟောင်း(သံချေးတက်) နှစ်လုံးတွေ့ရှိ၍ မြိုင်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး နယ်မြေခံတပ်အား အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ပဲခူးမြို့နယ်၌ စက်လှေတိမ်းမှောက်၊ လူတစ်ဦးပျောက်ဆုံးနေ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပဲခူးမြို့နယ် တိုက်ကြီးကျေးရွာအနီး ရေဆိပ်၌ အောက်တိုဘာ ၂၂ ရက် မွန်းတည့် ၁၂ နာရီက ဇောင်းတူကျေးရွာမှ တိုက်ကြီးကျေးရွာသို့ ပဲခူးမြစ်အတိုင်း ပဲခူးမြို့နယ်နေသူများဖြစ်ကြသည့် အေးမင်းလတ် ၃၃ နှစ် မောင်းနှင်ပြီး ဖိုးခွားလေး(ခ)ဖိုးသဇင် ၂၀ နှစ်ပါ ငါးဦးလိုက်ပါလာသည့် စက်လှေသည် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေစီးသန်မှုကြောင့် တိမ်းမှောက်ခဲ့ကြောင်း၊ စက်လှေပေါ်တွင် လိုက်ပါလာသည့် ဦးမြင့်နိုင် ၅၅ နှစ်ပါ လေးဦးအား အသက်ရှင်လျက် ဆယ်ယူရရှိခဲ့ပြီး ဖိုးခွားလေး (ခ)ဖိုးသဇင်မှာ ပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေလျက်ရှိကြောင်းနှင့် အေးမင်းလတ်အား တိုက်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ကလောမြို့နယ်၌ ကျောင်းသူနှစ်ဦးရေနစ်သေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၃**

ကလောမြို့နယ် ဟဲဟိုးမြို့ တောင်မြေခြားကျေးရွာ၌ အောက်တိုဘာ ၂၁ ရက် ည ၈ နာရီခွဲက ကျောင်းသူနှစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းအရ ဟဲဟိုးနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူများမှာ အဆိုပါကျေးရွာနေ မကြည်ဆူး ၈ နှစ်နှင့် မသန်းနွယ်စိုး ၁၀ နှစ်ဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် တောင်မြေခြား ဘုန်းကြီးကျောင်း၌ သင်ကြားပို့ချသော ဓမ္မစကူးလ်သင်တန်းမှအပြန် ကျေးရွာအနီးရှိ ရေကန်အတွင်း၌ ရေဆင်းကူးရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ပြီး ဟဲဟိုးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ကျောက်ကမ်းပါးပြိုကျ၍ အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၃**

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအနီးရှိ နေမင်းကမ္ဘာကျောက်မျက်တူးဖော်ရေးလုပ်ကွက်၌ ယမ်းဖောက်ခွဲစဉ် အောက်တိုဘာ ၂၂ ရက် ညနေ ၄ နာရီက ကျောက်ကမ်းပါးပြိုကျသဖြင့် ကမ်းပါးအောက်ခြေရှိ အဆိုပါ ကုမ္ပဏီမှ ကျောက်ရှာကြီးကြပ်သူ မြစ်သားမြို့နယ် မြောင်းကြားကျေးရွာနေ ဦးသိန်းဟန် ၃၆ နှစ်သည် ကျောက်တုံးများပိပြီး ဒဏ်ရာများရရှိခဲ့သဖြင့် လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ရာ လုံးခင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ဖားကန့်မြို့နယ်၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

**ဖားကန့် အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာ၌ အောက်တိုဘာ ၂၃ ရက်က ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းနှင့် လုံးခင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာကွက်သစ်နေ ဇော်လတ် ၃၇ နှစ်၏ နေအိမ်သို့ သတင်းအရဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင်တွေ့ရှိရပြီး ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ကော်ဘူးငယ် ၁၆ ဘူး ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၄ ဒသမ ၈ ဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ ဇော်လတ်အား လုံးခင်းနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မြန်မာနိုင်ငံလုပ်ငန်းခွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

(၃) မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာကို နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကြေညာခြင်း၊ ထို့ပြင်

(၄) အစည်းအဝေးမကျင်းပမီကာလအတွင်း မြီရှင်များက ကျိုးကြောင်းဆီလျော်စွာ တောင်းခံလာသည့် ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သော အချက်အလက်တို့ကို အခမဲ့ထုတ်ပေးခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် မြီရှင်များ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာတွင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ သတ်မှတ်ထားသည့် အချက်အလက်တို့ကို အခမဲ့ထုတ်ပေးမည့်အကြောင်း ဖော်ပြပါရှိရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်-

(၁) ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုရမည်။

(၂) မြီရှင်များ၏အစည်းအဝေးတွင် ထိုထုတ်ဖော်ကြေညာချက်ကို တင်ပြရမည်။

(၃) ထိုအစည်းအဝေးသို့ တက်ရောက်၍ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) ကုမ္ပဏီ၏ကိစ္စရပ်များနှင့် ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်တွင် အောက်ပါတို့ကို ဖော်ပြပါရှိရမည်-

(၁) ကုမ္ပဏီပိုင်ပစ္စည်းများ၊ ကြွေးမြီများနှင့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များ၏ အသေးစိတ်အချက်အလက်များ၊

(၂) မြီရှင်များ၏အမည်များနှင့် လိပ်စာများ၊

(၃) ၎င်းတို့အသီးသီးလက်ဝယ်ရှိ ငွေချေးသက်သေခံလက်မှတ်များ၊

(၄) ငွေချေးသက်သေခံလက်မှတ်များကို ထုတ်ပေးခဲ့သည့် ရက်စွဲများ၊

(၅) နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် အခြားအချက်အလက်များ။

(င) ကုမ္ပဏီ၏ကိစ္စရပ်များနှင့် ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်သည် မှန်ကန်သည်ဟု ကိုယ်တိုင်သိရှိယုံကြည်ကြောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စိစစ်အတည်ပြုရမည်။

**မြီရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်းသို့ ကူးပြောင်းခြင်း**

၁၅၄။ ပုဒ်မ ၁၅၃ အရ မြီရှင်များအစည်းအဝေးကျင်းပခဲ့လျှင် ထိုအစည်းအဝေးသည် ပုဒ်မ ၁၅၆ အရ ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းခြင်းပြုရန် ဆုံးဖြတ်ခဲ့သည့် မြီရှင်များ အစည်းအဝေးအဖြစ်မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၁၅၁ အရ ကြေညာချက်ကို ပြုလုပ်ဘိသကဲ့သို့ မှတ်ယူကာ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှ မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည်။

**အခန်း (၃)**

**မြီရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

**ဤအခန်းနှင့်သက်ဆိုင်ခြင်း**

၁၅၅။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် မြီရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် ပုဒ်မ ၁၅၄ အရ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းသည် မြီရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းအဖြစ်သို့ ကူးပြောင်းသွားသည့်အခါ ပုဒ်မ ၁၅၆ နှင့် ပုဒ်မ ၁၅၇ ပါ ပြဋ္ဌာန်းချက်များသည် မသက်ဆိုင်စေရ။

**မြီရှင်များ၏အစည်းအဝေး**

၁၅၆။ (က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စတွင် ကုမ္ပဏီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) ဆန္ဒအလျောက် ဖျက်သိမ်းကြောင်းဆုံးဖြတ်ချက်ကို အဆိုပြုတင်ပြရန်ဖြစ်သည့် ကုမ္ပဏီအစည်းအဝေးအားကျင်းပမည့်နေ့နှင့် တစ်ရက်တည်းတွင် မြီရှင်များ အစည်းအဝေးခေါ်ယူခြင်း၊

(၂) မြီရှင်များ အစည်းအဝေးကျင်းပမည့်ရက် မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက် မနည်းစေဘဲ မြီရှင်များထံ မြီရှင်များ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာကို ပေးပို့ခြင်း၊ ထို့ပြင်

(၃) မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာကို နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ကြေညာခြင်း။

(ခ) မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာတွင် ကုမ္ပဏီ၏ မြီရှင်များအမည်နှင့် လိပ်စာတို့ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းတွင် အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ကြောင်း သို့မဟုတ် နည်းဥပဒေတွင် ခွင့်ပြုထားသော နည်းလမ်းဖြင့် ကြည့်ရှုစစ်ဆေးနိုင်ကြောင်း ဖော်ပြပါရှိရမည်။

**ဒါရိုက်တာများကမြီရှင်များထံသို့ ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော် ကြေညာချက်တင်ပြရန် တာဝန်**

၁၅၇။ (က) ကုမ္ပဏီ၏ဒါရိုက်တာများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) နည်းဥပဒေတွင် သတ်မှတ်ဖော်ပြသည့်ပုံစံနှင့်ပါဝင်ရန် သတ်မှတ်ထားသည့် အကြောင်းအရာတို့ပါဝင်သော ကုမ္ပဏီ၏ကိစ္စရပ်များနှင့် ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ရေးသားပြုစုခြင်း၊

(၂) အဆိုပါထုတ်ဖော်ကြေညာချက်ကို ပုဒ်မ ၁၅၆ အရ ကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် တင်ပြခြင်း၊ နှင့်

(၃) ဒါရိုက်တာတစ်ဦးကို အစည်းအဝေးတွင်သဘာပတိအဖြစ်ခန့်အပ်ပြီး အစည်းအဝေးသို့ တက်ရောက်၍ သဘာပတိအဖြစ်ဆောင်ရွက်စေခြင်း။

(ခ) အောက်ပါတို့ကို လိုက်နာရန်ပျက်ကွက်သော ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများအား မှတ်ပုံတင်အရာရှိသည် ကျပ်တစ်ဆယ့်နှစ်သိန်းငါးသောင်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်-

(၁) ဒါရိုက်တာများသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပုဒ်မခွဲ (က) အား လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ်

(၂) မြီရှင်များအစည်းအဝေးကို တက်ရောက်ပြီး သဘာပတိအဖြစ် ဆောင်ရွက်ရန် ခန့်အပ်ခံရသည့် ဒါရိုက်တာသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲပုဒ်မခွဲ (က) အား လိုက်နာရန် ပျက်ကွက်လျှင်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း**

၁၅၈။(က) ကုမ္ပဏီ၏မြီရှင်များသည် ပုဒ်မ ၁၅၆ အရ ပြုလုပ်သော အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော သူများကို ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို ခွဲဝေရန်အလို့ငှာ ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းထားသည့် အစည်းအဝေးတွင် မြီရှင်များက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးတစ်ယောက်ကိုမျှ ခန့်ထားခြင်း မရှိပါက ကုမ္ပဏီက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်ထားနိုင်သည်။

(ဂ) ထိုသို့ခန့်အပ်ခြင်းခံရသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအား ခန့်အပ်ခြင်းကို သဘောတူညီကြောင်း စာဖြင့် ရေးသားတင်ပြရမည်။

**အခန်း(၄)**

**တရားရုံးမှ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

**တရားရုံးများ၏စီရင်ပိုင်ခွင့်**

၁၅၉။(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ခရိုင်တရားရုံးများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီကို ဖျက်သိမ်းရန် စီရင်ပိုင်ခွင့်ရှိသည်။

(ခ) ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပုဒ်မခွဲ (က) ပါ တရားရုံးများအပြင် အခြားသော တရားရုံးများကိုလည်း စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းနိုင်သည်။

**အထက်တရားရုံးသို့ လျှောက်ထားခြင်း**

၁၆၀။ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်အတွင်း မူလမှု၌ မေးခွန်းတစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့လျှင် ယင်းလုပ်ငန်းစဉ်တွင် ပါဝင်သူအားလုံးကဖြစ်စေ သို့မဟုတ် ၎င်းတို့အနက်မှ တစ်ဦးကဖြစ်စေ၊ သက်ဆိုင်ရာ တရားသူကြီးကဖြစ်စေ၊ အထက်တရားရုံးသို့ တင်ပြပြီး အကြံဉာဏ် ရယူလိုပါက ထိုတရားသူကြီးသည် သတ်မှတ်ပုံစံတွင် မေးခွန်းနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဖော်ပြ၍ အထက်တရားရုံးသို့ အဆုံးအဖြတ်ပေးရန်အလို့ငှာ လျှောက်ထားနိုင်သည်။

**ဖျက်သိမ်းရန်လျှောက်ထားခြင်း၏**

**အခြေခံအကြောင်းရင်းနှင့် အကျိုးသက်ရောက်မှုများ**

**တရားရုံးက ကုမ္ပဏီအားဖျက်သိမ်းနိုင်သည့်အခြေအနေများ**

၁၆၁။ (က) အောက်ပါအခြေအနေများတွင် တရားရုံးကကုမ္ပဏီအား ဖျက်သိမ်းနိုင်သည်-

(၁) ကုမ္ပဏီ၏အထူးဆုံးဖြတ်ချက်ဖြင့် တရားရုံးကကုမ္ပဏီကို ဖျက်သိမ်းရမည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်လျှင်၊

(၂) ကုမ္ပဏီသည် ယင်း၏လုပ်ငန်းကို ဖွဲ့စည်းပြီး တစ်နှစ်အတွင်း စတင်နိုင်ခြင်းမရှိလျှင် သို့မဟုတ် ယင်း၏ လုပ်ငန်းကို တစ်နှစ်လုံးရပ်ဆိုင်းထားခြင်းဖြစ်လျှင်၊

(၃) ကုမ္ပဏီသည် ကြွေးမြီမပေးဆပ်နိုင်သူဖြစ်လျှင်၊ သို့မဟုတ်

(၄) တရားရုံးက ထိုကုမ္ပဏီအား ဖျက်သိမ်းခြင်းသည် တရားမျှတသည်ဟု ထင်မြင်လျှင်၊ သို့မဟုတ်

(၅) အများပြည်သူအကျိုးငှာ ဖြစ်သည်ဟုတရားရုံးမှ ယုံကြည်လောက်သော အကြောင်းတရားများရှိလျှင်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) အရ အကျုံးဝင်သော အများပြည်သူအကျိုးငှာ အကြောင်းတရားများမှာ အောက်ပါတို့ဖြစ်သည်-

(၁) ကုမ္ပဏီတွင် ဒါရိုက်တာများမရှိခြင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီသည် ယင်း၏မြီရှင်များ သို့မဟုတ် အခြားသူကို လိမ်လည် လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ သို့တည်းမဟုတ် အခြားသော လိမ်လည်လှည့်ဖြားလိုသည့် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း သို့မဟုတ် အခြားလုပ်ငန်းတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော လုပ်ငန်းများအား ဆောင်ရွက်ခြင်း။

**ကြွေးမြီမပေးဆပ်နိုင်သူဟု မှတ်ယူခြင်း**

၁၆၂။ (က) ကုမ္ပဏီသည် အောက်ပါအခြေအနေတို့တွင် ကြွေးမြီမပေးဆပ်နိုင်သူဖြစ်သည်ဟု မှတ်ယူရမည်-

(၁) ကုမ္ပဏီက နည်းဥပဒေတွင် သတ်မှတ်ထားသည့် အနည်းဆုံးပမာဏထက်ပိုသည့် ကြွေးမြီကိုမြီရှင်သို့ ပေးရန်ရှိပြီး နည်းဥပဒေအရ သတ်မှတ်ထားသည့် ပုံစံဖြင့် ကြွေးမြီပေးဆပ်ရန် အကြောင်းကြားစာအား ကုမ္ပဏီအဖြစ် မှတ်ပုံတင်လိပ်စာရှိသည့်ရုံးသို့ ပေးပို့ဆင့်ဆို အတည်ပြုခဲ့ပြီး ယင်းအကြောင်းကြားစာအရ ကုမ္ပဏီကပေးရမည့် ငွေပမာဏကိုပေးဆပ်ရန် ၂၁ ရက်ကျော်လွန်ပြီး နောက်တွင် ထိုကြွေးမြီကို ပေးဆပ်ရန် သို့မဟုတ် တာဝန်ယူအာမခံရန် သို့မဟုတ် မြီရှင်၏ ကျိုးကြောင်းခိုင်လုံသည့် စိတ်ကျေနပ်မှုရရှိစေရန် အလို့ငှာ ညှိနှိုင်းသဘောတူညီချက်ပေးရန် လျစ်လျူရှုခဲ့ခြင်းဖြစ်လျှင်၊ သို့မဟုတ်

(၂) တရားရုံးတစ်ရုံးမှ ကုမ္ပဏီ၏မြီရှင်ကို အသာပေး၍ ချမှတ်သည့် စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်အရ အတည်ပြုဆောင်ရွက်ချက် သို့မဟုတ် အခြားဆောင်ရွက်ချက်အပေါ် မြီရှင်ကျေနပ်အောင် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဆောင်ရွက်ပေးခြင်း မရှိဟု မြီရှင်က တင်ပြလာလျှင်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်းပြီး ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားတင်ပြနိုင်ခြင်းမရှိလျှင် အတည်ဖြစ်သည်ဟု မှတ်ယူနိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်လွှာတင်ခြင်း**

၁၆၃။ (က) ကြွေးမြီမပေးဆပ်နိုင်ခြင်းကြောင့် ကုမ္ပဏီဖျက်သိမ်းရန် တရားရုံးသို့ လျှောက်လွှာတင်သွင်းရာတွင် ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများကဖြစ်စေ၊ မြီရှင်ကဖြစ်စေ လျှောက်ထားရမည်။ (မြီရှင်ဆိုသော စကားရပ်တွင် မြီရှင်ဖြစ်နိုင်ဖွယ်ရှိသူနှင့် မြီရှင်ဖြစ်ရန် နီးကပ်သည့် အလားအလာရှိသူများလည်း ပါဝင်သည်)

(ခ) ပုဒ်မ ၁၆၁ ပါ အခြေအနေများကြောင့် ကုမ္ပဏီအား ဖျက်သိမ်းရန် လျှောက်ထားခွင့်ရှိသူများတွင် ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်များအပြင် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများနှင့် မှတ်ပုံတင်အရာရှိလည်း ပါဝင်သည်။

**လျှောက်ထားမှုအပေါ်ကြားနာရာတွင် တရားရုံး၏ အခွင့်အာဏာ**

၁၆၄။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားမှုကို ကြားနာပြီးနောက် တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း၊ သို့မဟုတ်

(၂) လျှောက်ထားမှုကိုပလပ်ခြင်း၊ သို့မဟုတ်

(၃) ကြားနာမှုကိုကန့်သတ်ချက်ဖြင့်ဖြစ်စေ၊ ကန့်သတ်ချက်မပါဘဲဖြစ်စေ ရွှေ့ဆိုင်းခြင်း၊ သို့မဟုတ်

(၄) ကြားဖြတ်အမိန့် ချမှတ်ခြင်း၊ သို့မဟုတ်

(၅) အခြားသင့်သည်ထင်သည့်အမိန့်ချမှတ်ခြင်း။

သို့ရာတွင် တင်ရှိသောကြွေးမြီနှင့် ညီမျှသောပမာဏရှိသည့် သို့မဟုတ် ယင်းတန်ဖိုးထက်ပိုသည့် ကုမ္ပဏီပိုင်ပစ္စည်းများအား ပေါင်နှံထားသည် သို့မဟုတ် ကုမ္ပဏီ၌ ပိုင်ဆိုင်မှုပစ္စည်းလုံးဝမရှိဆိုသော အကြောင်းပြချက် သက်သက်မျှဖြင့် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်ချမှတ်ရန် ငြင်းဆိုခြင်းမရှိစေရ။

**ကုမ္ပဏီအပေါ် တရားစွဲဆိုခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို ဆိုင်းငံ့စေရန် သို့မဟုတ် တားမြစ်ကန့်သတ်စေရန် အခွင့်အာဏာ**

၁၆၅။ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်လွှာတင်သွင်းခဲ့ပြီး ဖျက်သိမ်းရန် အမိန့်ချမှတ်ခဲ့ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို အခြားတရားရုံး သို့မဟုတ် အနုညာတခုံရုံးတွင် ကုမ္ပဏီနှင့်ပတ်သက်သည့် အခြားတရားမမှုခင်းတစ်စုံတစ်ရာ ပြီးပြတ်ခြင်းမရှိသေးလျှင် ကုမ္ပဏီ သို့မဟုတ် မြီရှင် သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူသည်-

(က) ကုမ္ပဏီနှင့်စပ်လျဉ်းသည့် တရားမမှုခင်းတစ်စုံတစ်ရာကို ဆိုင်းငံ့ပေးရန် အဆိုပါ တရားရုံး သို့မဟုတ် အနုညာတခုံရုံးသို့ လျှောက်ထားနိုင်သည်၊ သို့မဟုတ်

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

(ခ) ကုမ္ပဏီနှင့် စပ်လျဉ်း၍ အခြားသောအမှုတွင် ဆက်လက်အရေးယူဆောင်ရွက်ခြင်းအဆင့်ဆင့်ကို တားမြစ်ကန့်သတ်ပေးရန်အတွက် ကုမ္ပဏီဖျက်သိမ်းရန် စီရင်ပိုင်ခွင့်ရှိသည့်တရားရုံးသို့လျှောက်ထားနိုင်သည်။ ထို့ပြင် အဆိုပါ လျှောက်လွှာကို လက်ခံရရှိသည့်တရားရုံး သို့မဟုတ် အနုညာတခုံရုံးသည် စစ်ဆေးစီရင်ဆောင်ရွက်မှုကို ဆိုင်းငံ့ခြင်း သို့မဟုတ် တားမြစ်ကန့်သတ်ခြင်း ပြုလုပ်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ခြင်း**

**ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ခြင်းနှင့် ၎င်း၏အခွင့်အာဏာများ**

၁၆၆။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားပြီးနောက် အမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို တရားရုံးသည် ယာယီစာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကို ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အခါ အောက်ပါတို့ကို သတ်မှတ်ပေးရမည်-

(၁) ထိုသူ၏ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် ကျင့်သုံးရမည့် အခွင့်အာဏာများ၊

(၂) ၎င်းအားပေးရမည့် အခကြေးငွေ။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ခြင်း**

၁၆၇။ (က) တရားရုံးကကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပါက လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အောက်ပါပုဂ္ဂိုလ်များကို ခန့်ထားရမည်ဖြစ်ပြီး ၎င်းမှ ထိုသို့ခန့်ထားမှုကို သဘောတူကြောင်း တရားရုံးသို့ စာဖြင့် ရေးသားတင်ပြမှသာ ခန့်အပ်ခြင်းအတည်ဖြစ်စေရမည်-

(၁) စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားသည့်သူက အမည်စာရင်း တင်သွင်းသူ၊ သို့မဟုတ်

(၂) ထိုသို့ အမည်စာရင်းတင်သွင်းထားခြင်းမရှိလျှင် တရားရုံးကခန့်အပ်သည့် တရားဝင်ပစ္စည်းထိန်းအရာရှိ။

(ဂ) မည်သည့်လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်သူကိုမျှ ခန့်အပ်နိုင်ခြင်းမရှိပါက တရားရုံးသည် တရားဝင်ပစ္စည်းထိန်းကိုစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်နိုင်သည်။

**တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်သည့် လုပ်ငန်းစဉ်**

၁၆၈။ (က) တရားရုံးသည် တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါက ၎င်းသည် မြီရှင်များအကျိုးအတွက် မြီရှင်များအစည်းအဝေးကို အောက်ပါကိစ္စရပ်များအလို့ငှာ ခေါ်ယူရမည် -

(၁) တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခြင်းအား အတည်ပြုရန်၊ သို့မဟုတ်

(၂) တရားဝင်ပစ္စည်းထိန်းအစား လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိသူတစ်ဦးအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ရွေးချယ်ခန့်ထားရန်။

(ခ) တရားဝင်ပစ္စည်းထိန်းသည် ပုဒ်မခွဲ(က) အရ ခေါ်ယူသည့် မြီရှင်များ အစည်းအဝေးကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ဆင့်ဆို ခေါ်ယူကျင်းပရမည်ဖြစ်ပြီး ၎င်းအား ခန့်အပ်သည့်နေ့၏နောက်မှ စတင်ရေတွက်လျက် ၂၁ ရက်ထက် နောက်မကျစေဘဲ အစည်းအဝေးကို ကျင်းပရမည်။

(ဂ) ဤပုဒ်မအရ ခန့်အပ်ထားသည့် တရားဝင်ပစ္စည်းထိန်းက ကုမ္ပဏီတွင် မြီရှင်များအစည်းအဝေးအား ဆင့်ဆိုခေါ်ယူကျင်းပရန် လုံလောက်သည့် ဘဏ္ဍာငွေကြေးမရှိဟု သုံးသပ်ဆုံးဖြတ်ပါက ပုဒ်မခွဲ (က) နှင့် (ခ) အား လိုက်နာဆောင်ရွက်ရန် မလိုအပ်စေရ။

**ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုအစားထိုးရန် အစည်းအဝေးခေါ်ယူခြင်း**

၁၆၉။ (က) ပစ္စည်းထိန်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားကြောင်းကို အများပြည်သူသို့ အသိပေးအကြောင်းကြားစာ ထုတ်ပြန်သည့်နေ့၏နောက်မှ စတင်ရေတွက်လျက် ၂၈ရက်အတွင်း ကုမ္ပဏီစုစုပေါင်းကြွေးမြီ၏ အနည်းဆုံး တစ်ဆယ်ရာခိုင်နှုန်းကိုပိုင်ဆိုင်သော မြီရှင်များက စာဖြင့် ရေးသားတောင်းဆိုလျှင် ထိုစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များအစည်းအဝေးကို အောက်ပါရည်ရွယ်ချက်များအလို့ငှာ ဆင့်ခေါ်ရမည်-

(၁) ၎င်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားခြင်းကို အတည်ပြုရန် သို့မဟုတ်၊

(၂) ကုမ္ပဏီနှင့်စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ်ဆောင်ရွက်ရန် အရည်အချင်းရှိသူတစ်ဦးအား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိနေရာတွင် အစားထိုးရွေးချယ်ခန့်ထားရန်။

(ခ) ပုဒ်မခွဲ (က) အရ အစည်းအဝေးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အဆိုပါစာဖြင့် ရေးသားတောင်းဆိုချက်အား လက်ခံရရှိသည့်နေ့၏ နောက်မှ စတင်ရေတွက်လျက် ၁၄ ရက်အတွင်း ခေါ်ယူရမည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်နှင့်ဆက်၍တရားရုံးကခန့်အပ်ခြင်း**

၁၇၀။ တရားရုံးက စာရင်းရှင်းလင်းဖျက်သိမ်းရန်အမိန့်ကို ချမှတ်ခဲ့ခြင်းကြောင့် ပြန်လည်ထူထောင်ရေးမန်နေဂျာ၊ အစီအစဉ်ကြီးကြပ်သူ၊ သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေးအဖြစ် ခန့်ထားခြင်းကိုရပ်ဆိုင်း သွားစေပါက တရားရုံးသည် သင့်လျော်မည်ဟုယူဆလျှင် ထိုသူအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆက်လက်ခန့်အပ်နိုင်သည်။

**စုံစမ်းစစ်ဆေးခြင်းလုပ်ထုံးလုပ်နည်းများ**

**စာရင်းရှင်းလင်းဖျက်သိမ်းမှုကို ဆိုင်းငံ့ရန်အခွင့်အာဏာ**

၁၇၁။ (က) တရားရုံးသည် ဖျက်သိမ်းသည့်လုပ်ငန်းစဉ်ကို ချက်ချင်း သို့မဟုတ် သတ်မှတ်သည့်အချိန်တွင် သင့်လျော်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ဆိုင်းငံ့သည့်အမိန့် ချမှတ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချပြီးနောက် မည်သည့်အချိန်တွင်မဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ မြီရှင်တစ်ဦးဦး သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူကဖြစ်စေ ဆိုင်းငံ့မိန့်ချမှတ်ပေးရန် လျှောက်ထားသည့်အခါ ၎င်းတို့က စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းစဉ်များအား ဆိုင်းငံ့သင့်ကြောင်း ကျေနပ်လက်ခံအောင် သက်သေထင်ရှားပြနိုင်လျှင် တရားရုံးသည် ဆိုင်းငံ့သည့်အမိန့်ကို ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ဤပုဒ်မအရအမိန့်မချမှတ်မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား အဆိုပါ ဆိုင်းငံ့မှုနှင့်သက်ဆိုင်သည်ဟု ယူဆသည့် အချက်အလက်နှင့် အကြောင်းအရာများပါဝင်သော အစီရင်ခံစာတစ်စောင်ကို တရားရုံးသို့ တင်ပြစေရန်ညွှန်ကြားနိုင်သည်။

**အခန်း(၅)**

**နောက်ဆက်တွဲ အကျိုးဆက်များ**

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များ**

၁၇၂။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ပြီးနောက်-

(က) ကုမ္ပဏီအားဖျက်သိမ်းပြီးသည်အထိ ကုမ္ပဏီ၏အခြေအနေနှင့် လုပ်ပိုင်ခွင့်တို့သည် ဆက်လက်တည်ရှိသည်။

(ခ) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် အကျိုးဖြစ်စေသည့် လိုအပ်သမျှသော လုပ်ငန်းဆောင်ရွက်မှုမှတစ်ပါး ကျန်သည့်လုပ်ငန်းဆောင်ရွက်ချက် အရပ်ရပ်တို့ကို ရပ်စဲရမည်။

(ဂ) စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက သဘောတူညီခွင့်ပြုထားသည်မှ တစ်ပါး သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းဖြစ်ပါက ကုမ္ပဏီ၏အထွေထွေအစည်းအဝေးတွင် သဘောတူညီ ခွင့်ပြုထားသည်မှ တစ်ပါး ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များသည် ရပ်စဲသွားစေရမည်။

(ဃ) ကုမ္ပဏီ သို့မဟုတ် ယင်း၏ပစ္စည်းနှင့်စပ်လျဉ်း၍ တရားရုံး၏ ခွင့်ပြုချက် သို့မဟုတ် တရားရုံးကသတ်မှတ်သည့် စည်းကမ်းသတ်မှတ်ချက်များအရမှ တစ်ပါး မည်သည့်အရေးယူဆောင်ရွက်မှု သို့မဟုတ် လျှောက်ထားမှု သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုမျှ ဆောင်ရွက်ခြင်း သို့မဟုတ် စတင်ခြင်းမပြုရ။

(င) တရားရုံး၏အမိန့်ဖြင့် ဆောင်ရွက်သည်မှတစ်ပါး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီ၏ပိုင်ဆိုင်မှုများအား စီမံခန့်ခွဲ ဆောင်ရွက်ချက်များသည် ပျက်ပြယ်စေရမည်။

(စ) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ပြီးနောက်မှ ကုမ္ပဏီ သို့မဟုတ် ယင်း၏ပိုင်ဆိုင်မှုတို့အား ဝရမ်းစွဲကပ်ခြင်း၊ ပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ပစ္စည်းဖမ်းယူသိမ်းဆည်းခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်ခြင်းဟူသမျှသည် ပျက်ပြယ်စေရမည်။

(ဆ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ပြီးနောက်မှ ပြုလုပ်သည့် အစုရှယ်ယာ လွှဲပြောင်းမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ လွှဲပြောင်းခြင်းမဟုတ်လျှင် သို့မဟုတ် ၎င်း၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်သော လွှဲပြောင်းမှုမျိုးမဟုတ်လျှင် ထိုအစုရှယ်ယာလွှဲပြောင်းမှုနှင့် ထိုသို့လွှဲပြောင်းမှုကြောင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ အခြေအနေ အဆင့်အတန်းအား ပြောင်းလဲမှုဟူသမျှသည် ပျက်ပြယ်စေရမည်။

**ကုမ္ပဏီပိုင်ပစ္စည်းများကိုထိန်းသိမ်းခြင်း**

၁၇၃။ စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်ချမှတ်ပြီးနောက် သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်ထားပြီးနောက်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီပိုင်ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ရန် အလားအလာရှိသည့်ပစ္စည်းများအားလုံးကို ၎င်း၏ထိန်းသိမ်းမှုအောက် သို့မဟုတ် ကြီးကြပ်မှုအောက်တွင် ထားရှိရမည်။

**ကုမ္ပဏီပိုင်ပစ္စည်းများသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားခြင်း။**

၁၇၄။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လျှောက်ထားလျှင် တရားရုံးသည် ကုမ္ပဏီကပိုင်ဆိုင်သည့် သို့မဟုတ် ၎င်း၏ကိုယ်စား ယုံမှတ်အပ်နှံခံရသူက ထိန်းသိမ်းထားသည့် ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရာထူးအလျောက်အမည်ဖြင့် ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားစေရန် အမိန့်ချနိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

**အတည်ပြုခြင်းနှင့်ဝရမ်းစွဲကပ်ခြင်း၏ အကျိုးသက်ရောက်မှု**

၁၇၅။ (က) မြီရှင်က ကုမ္ပဏီ၏ မြေနှင့်ကုန်ပစ္စည်းများအပေါ် ဒီကရီ အတည်ပြုဆောင်ရွက်ရာတွင်လည်းကောင်း သို့မဟုတ် ၎င်းအား ပေးရန်ရှိသည့်ကြွေးမြီတစ်ရပ်အရ ဝရမ်းစွဲကပ်ပြီးနောက် အတည်ပြုဆောင်ရွက်ရာတွင်လည်းကောင်း ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်လျှင် မြီရှင်သည် ထိုသို့ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း မစတင်မီ ဒီကရီအကောင်အထည်ဖော်ခြင်း သို့မဟုတ် ဝရမ်းစွဲကပ်ခြင်းကို ပြီးဆုံးအောင် ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အဆိုပါ ဒီကရီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း သို့တည်းမဟုတ် ဝရမ်းစွဲကပ်ခြင်း၏ အကျိုးအမြတ်ကို မြီရှင်က ရရှိခံစားပိုင်ခွင့်မရှိစေရ။

(ခ) သို့ရာတွင်-

(၁) မြီရှင်သည် ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကို အဆိုပြုရန်အတွက် ဆုံးဖြတ်ချက်ပြုလုပ်ရန် ခေါ်ထားပြီးဖြစ်သည့် အစည်းအဝေး၏ အကြောင်းကြားစာကိုရပြီးလျှင် ပုဒ်မခွဲ (က) ၏ရည်ရွယ်ချက်အလို့ငှာ ဖျက်သိမ်းမှုစတင်သည့်ရက်အတွက် မြီရှင်က အကြောင်းကြားစာရရှိခဲ့သည့်ရက်ကို အစားထိုးရမည်။

(၂) တရားရုံးအမိန့်ကို အတည်ပြုဆောင်ရွက်ရသူအရာရှိက ကုမ္ပဏီ၏ ကုန်ပစ္စည်းတစ်ခုခုအား ရောင်းချသည်ကို သဘောရိုးဖြင့် ဝယ်ယူမိသူသည် ယင်းပစ္စည်းနှင့်စပ်လျဉ်းပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအား ဆန့်ကျင်၍ ခိုင်မာသော ပိုင်ဆိုင်ခွင့်ကိုရရှိစေနိုင်သည်။

(၃) မြီရှင်အားအနိုင်ပေးသည့် ဒီကရီနှင့် စပ်လျဉ်း၍ တရားရုံးသည် သင့်သည်ထင်သည့် အတိုင်းအတာနှင့် စည်းကမ်းချက်များ သတ်မှတ်ကာ ပုဒ်မခွဲ (က) အရ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ အပ်နှင်းထားသည့် အခွင့်အရေးများကို ပယ်ဖျက်နိုင်သည်။

(၄) ဒီကရီအရ မြီရှင်ရရှိသည့်အကျိုးအမြတ်အား ပုဒ်မ ၃၆၁ ပါ ပြဋ္ဌာန်းချက်အရ ပယ်ဖျက်နိုင်သည်။

(ဂ) ဤဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ-

(၁) ကုန်ပစ္စည်းများအပေါ် အတည်ပြုဆောင်ရွက်ခြင်းအား သိမ်းဆည်းခြင်းနှင့် ရောင်းချခြင်းဖြင့် ပြီးဆုံးသည်။

(၂) ကြွေးမြီကိုဝရမ်းစွဲကပ်ခြင်းသည် ကြွေးမြီရရှိသည့်အခါ ပြီးဆုံးသည်။

(၃) မြေအပေါ် အတည်ပြုဆောင်ရွက်ခြင်းသည် သိမ်းယူခြင်း သို့မဟုတ် ပစ္စည်းထိန်း ခန့်အပ်ခြင်းပြုလုပ်ချိန်တွင် ပြီးဆုံးသည်။

**တရားရုံးအမိန့်အရ သို့မဟုတ် အခြားလုပ်ထုံးလုပ်နည်းအရ အတည်ပြုဆောင်ရွက်သူ အရာရှိ၏တာဝန်များ**

၁၇၆။ (က) ကုမ္ပဏီ၏ ကုန်ပစ္စည်းများကို ဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် သိမ်းဆည်းရယူထားပြီး ယင်းတို့အား မရောင်းချမီ သို့မဟုတ် အတည်ပြု ဆောင်ရွက်မှုမပြီးဆုံးမီ ဒီကရီအတည်ပြုသူအရာရှိထံသို့ ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ပြီးကြောင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီးကြောင်း သို့မဟုတ် ဆန္ဒအလျောက် ဖျက်သိမ်းခြင်းပြုလုပ်ရန် ဆုံးဖြတ်ချက်ချမှတ်ပြီးကြောင်း အကြောင်းကြားစာအား ဆင့်ဆိုအတည်ပြုပြီးပါက အောက်ပါတို့သည်သက်ဆိုင်စေရမည်-

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းထားသည့် အရာရှိသည် လိုအပ်သည့်အခါ ဒီကရီ အတည်ပြုဆောင်ရွက်ရန်အတွက် သိမ်းဆည်းရယူထားသည့် ကုန်ပစ္စည်းနှင့် သိမ်းဆည်းရမိသည့် သို့မဟုတ် လက်ခံရရှိသည့် ငွေကြေးတစ်စုံတစ်ရာကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပေးအပ်ရမည်။

(ဂ) ဒီကရီအတည်ပြုသူအရာရှိက အထက်ပုဒ်မခွဲ (ခ) ပါ ကုန်ပစ္စည်းနှင့် ငွေကြေးများအပေါ် ဒီကရီအတည်ပြုဆောင်ရွက်ရာ၌ ကုန်ကျခဲ့သည့်ငွေကြေးအား ပထမဆုံးကောက်ယူမည်ဖြစ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါ ကုန်ကျခဲ့သည့် ငွေကြေးအား ပေးချေနိုင်စေရန်အတွက် ကုန်ပစ္စည်းများ သို့မဟုတ် ယင်း၏လုံလောက်သောအပိုင်းကို ရောင်းချနိုင်သည်။

(ဃ) မြီရှင်အားအနိုင်ပေးသည့် ဒီကရီနှင့်စပ်လျဉ်း၍ တရားရုံးသည်သင့်သည်ထင်သည့်အတိုင်းအတာနှင့် စည်းကမ်းချက်များသတ်မှတ်ကာ ဤပုဒ်မအရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အပ်နှင်းထားသည့် အခွင့်အရေးများကို ပယ်ဖျက်နိုင်သည်။

**အခန်း(၆)**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ဆောင်ရွက်ရန်တာဝန်များ**

၁၇၇။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အဓိကကျသည့် တာဝန်များမှာ ကုမ္ပဏီကရပိုင်ခွင့်ရှိသည့် သို့မဟုတ် ရပိုင်ခွင့်ရှိနိုင်သည့် ပစ္စည်းများအားလုံးကို ၎င်း၏အုပ်ထိမ်းမှု သို့မဟုတ် ၎င်း၏ထိန်းချုပ်မှုအောက်သို့ရောက်ရှိရန် တတ်စွမ်းသမျှဆောလျင်စွာ ဆောင်ရွက်ကာ ကုမ္ပဏီ၏မြီရှင်များကို ခွဲခြမ်းပေးပြီးနောက် ပိုလျှံပါက ရပိုင်ခွင့်ရှိသူများအား ခွဲခြမ်းပေးရန်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ချင်းတိုင်းရင်းသား ဇာညက်မျိုးနွယ်စုတို့၏ ရိုးရာကောက်သစ်စားပွဲတော် ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန်  အောက်တိုဘာ  ၂၃**

ရိုးရာယဉ်ကျေးမှုဓလေ့များ မပျောက်ပျက်စေရန်အတွက် ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင်နေထိုင်သည့် ချင်းတိုင်းရင်းသား ဇာညက်မျိုးနွယ်စုတို့၏ ရိုးရာကောက်သစ်စားပွဲတော်ကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ကမာရွတ်မြို့နယ်ရှိ ယုဒသန်အောက်မေ့ဖွယ်ခန်းမ၌ ကျင်းပသည်။

“ရန်ကုန်မှာကျင်းပရတဲ့ရည်ရွယ်ချက်က ရန်ကုန်မှာရှိတဲ့ မျိုးဆက်သစ်လေးတွေ သူတို့ဘယ်နေရာပဲရောက်ရောက် ကိုယ့်ရိုးရာယဉ်ကျေးမှုတွေကို မမေ့စေဖို့ပါ။ ကိုယ့်ရဲ့ ရိုးရာအမွေအနှစ်တွေကို လက်ဆင့်ကမ်းဖို့ဒ့်ါကြောင့် ခေတ်ပေါ်တေးသီချင်းတွေပါမယ်။ ဝါးညှပ်အကတွေပါမယ်။ ဝါးညှပ်အကရဲ့ အဓိပ္ပာယ်ကို ရှင်းပြမယ်။ ဝါးညှပ်အကဆိုတာ စည်းရုံးခြင်းဆိုတဲ့ အဓိပ္ပာယ်နဲ့ ကခြင်းဖြစ်တယ်ဆိုတဲ့အကြောင်း မျိုးဆက်သစ်တွေသိစေချင်လို့ ဒီပွဲလေးကို လုပ်ရခြင်းဖြစ်ပါတယ်”ဟု ကောက်သစ်စားပွဲတော် ကျင်းပရေးကော်မတီ အထွေထွေအတွင်းရေးမှူး ဦးငွန်ခေါ်ဇမ်က ပြောသည်။

ချင်းတိုင်းရင်းသား ဇာညက်မျိုးနွယ်စုတို့၏ ကောက်သစ်စားပွဲတော်ကို ချင်းပြည်နယ် ဖလမ်းမြို့၌ အောက်တိုဘာလအတွင်း နှစ်စဉ်ကျင်းပလေ့ရှိပြီး ရန်ကုန်မြို့တွင် ၁၃ ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

ယနေ့ပြုလုပ်သည့် ကောက်သစ်စားပွဲတော်တွင် ဝတ်ပြုဆုတောင်းခြင်း၊ မျိုးနွယ်စုများက ဆုတောင်းမေတ္တာပို့သခြင်း၊ အသက် ၇၀ နှစ်အထက် ဘိုးဘွားများအား လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုခြင်းနှင့် ပျော်ပွဲရွှင်ပွဲအစီအစဉ်များအပြင် ချင်းရိုးရာဝါးညှပ်အကအမျိုးမျိုးကို တေးသီချင်းများနှင့် တွဲဖက်ဖျော်ဖြေခဲ့ကြသည်။

**သတင်း- သီသီမင်း**

**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**



# မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး မော်လမြိုင်တွင် အသိပေး

**မော်လမြိုင် အောက်တိုဘာ  ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့မှ ဒေသခံပြည်သူများအား မုန်တိုင်းဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ရန်နှင့် မုန်တိုင်းသတင်းအချက်အလက်များအား သိရှိနိုင်ရန်အတွက် အသိပညာပေးခြင်းကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြေစိုက်နံရံကပ်ဘုတ်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသော မုန်တိုင်းဘေးအန္တရာယ်ဆိုင်ရာ သတိပေးချက်များ၊ မုန်တိုင်းကျရောက်လာလျှင် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ရေဘေးအန္တရာယ်ဆိုင်ရာအကြောင်းများကို ပြည်သူများ သိရှိနိုင်ရန် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီးရုံးနှင့် ဆက်စပ်အဆောက်အအုံများ ဖွင့်လှစ်

**ပုသိမ်  အောက်တိုဘာ  ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အမှတ်(၁၃)ရပ်ကွက်ရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီးရုံးအဆောက်အအုံသစ်နှင့် ဆက်စပ်အဆောက်အအုံများဖွင့်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီတွင် အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သောက်ရေသန့်၊ အစားအစာ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ အရည်အသွေးစစ်မှန်ပြီး ဓာတုဆေးဝါးများဖြင့် ထုတ်လုပ်ထားခြင်းရှိ-မရှိကို ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများတွင်လည်း အစားအသောက်ရောင်းချသူများ သန့်ရှင်းစွာရောင်းချရေးကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ တိုင်းဒေသကြီးရုံးများ စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

အဆောက်အအုံကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်  (ပြန်/ဆက်)**

# တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ရေပေးဝေရေး ကုမ္ပဏီလီမိတက်တို့ သဘောတူစာချုပ်အား ပြင်ဆင်ချုပ်ဆို

**တာချီလိတ်  အောက်တိုဘာ  ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတက်တို့အကြား မြို့တွင်း ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်မှု သဘောတူပြင်ဆင်ချက်စာချုပ်အား ထပ်မံချုပ်ဆိုခြင်းအခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က အဆိုပါကော်မတီရုံးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်းက ဥပဒေနှင့်အညီ မြို့နေပြည်သူများထံမှ ထိုက်သင့်သည့်အခွန်အခများ ကောက်ခံပြီး ရရှိလာသည့်ဝင်ငွေနှင့် မြို့သန့်ရှင်းသာယာလှပရေး၊ မြို့တွင်းလမ်း၊ တံတားများ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေး၊ မြို့ရေပေးဝေရေး၊ ပြည်သူများ ကျန်းမာသန့်ရှင်းစွာ နေထိုင်နိုင်ရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း၊ ပြည်သူများ သန့်ရှင်းသည့်သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းက မြို့သန့်ရှင်းသာယာလှပရေး၊ ရေရရှိရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်းနှင့် ရေပေးဝေရေး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးလောတာက သဘောတူစာချုပ်ထပ်မံပြင်ဆင်ချုပ်ဆိုရမည့် အချက်သုံးချက်အပေါ် ရှင်းလင်းတင်ပြပြီး နှစ်ဖက် တာဝန်ရှိပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားသို့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်း၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလှ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် မြို့တွင်းရပ်ကွက်များရှိ ရေပေးဝေနေသည့် နေအိမ်များသို့ သွားရောက် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဝေယံလင်း(တာချီလိတ်)**

# မကွေးတိုင်းဒေသကြီးတွင် ကာယဗလနှင့် ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မကွေး  အောက်တိုဘာ  ၂၃**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငါးခရိုင် ကာယဗလနှင့် ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ငါးခရိုင် ကာယဗလနှင့် ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အရပ် ငါးပေသုံးလက်မအောက်နှင့် ငါးပေသုံးလက်မအထက် ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲဝင် အမျိုးသမီးများနှင့် ကာယဗလမောင်ပြိုင်ပွဲဝင် အမျိုးသားများက ပြိုင်ပွဲအလိုက် တစ်ဦးချင်းစီ အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် မြန်မာ့လက်ရွေးစင်ကာယဗလမောင် ထွန်းမင်းက ကာယဗလသရုပ်ပြသသည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုရရှိသော ကာယဗလမောင်များနှင့် ကိုယ်ကာယကြံ့ခိုင်မှုအမျိုးသမီးများအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုများပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲများအနေဖြင့် ၆၀ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၆၅ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၇၀ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲနှင့် ၇၀ ကီလိုတန်း အထက် ကာယဗလမောင်ပြိုင်ပွဲတို့ဖြစ်ကြပြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ငါးပေသုံးလက်မအောက် ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ငါးပေသုံးလက်မအထက် ကာယကြံ့ခိုင်မှုပြိုင်ပွဲတို့ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်  (ညောင်ဦး)**



# မန္တလေးမြို့တွင် ဖူဆယ်ကစားမှု ပိုမိုများပြားလာ

**မန္တလေး  အောက်တိုဘာ  ၂၃**

မန္တလေးမြို့တွင် ဖူဆယ်ပြိုင်ပွဲများ ပြုလုပ်ပေးသည့်အတွက် ကွင်းအသီးသီးတွင် လေ့ကျင့်ကစားသူများဖြင့် စည်ကားလျက်ရှိသည်။ ရုံးပိတ်ရက်နှင့် အခါကြီးရက်ကြီးများတွင် ကစားသည့်အဖွဲ့ ပိုမိုများပြားလေ့ရှိသည်။ လက်ရှိကာလတွင် လူငယ်အများစုမှာ ဖူဆယ်ကို စိတ်ဝင်စားမှု ပိုမိုများပြားလာသည်။

လက်ရှိကာလ မန္တလေးမြို့တွင် ဖူဆယ်ပြိုင်ပွဲများကျင်းပရာ ပထမဆုငွေကျပ်သိန်း ၃၀၊ ဒုတိယဆုငွေကျပ်သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၀ သိန်းအထိ ချီးမြှင့်သည့်ပွဲများပြုလုပ်လာသည့်အတွက် ဖူဆယ်ကစားသူများပြားလာပြီး ဖူဆယ်ကွင်းပိုမိုတည်ဆောက်လာကြောင်း Soccer House Futsal Club မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

**နွေနဒီ(မြစ်ငယ်)**

# သီတင်းကျွတ်ပွဲကာလအတွင်း မြိတ်မြို့တွင် ပူးပေါင်းအဖွဲ့မှ လှည့်ကင်းများဆောင်ရွက်

**မြိတ် အောက်တိုဘာ ၂၃**
မြန်မာ့ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည့် သီတင်းကျွတ်မီးထွန်းပွဲတော်ကာလအတွင်း အပျော်လွန်ကြသူများကြောင့် ပြည်သူများအထိတ်တလန့်မဖြစ်စေရေးနှင့် မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်စေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အောက်တိုဘာ ၂၂ ရက် ညပိုင်းတွင် ပူးပေါင်းအဖွဲ့မှ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် လှည့်ကင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



လှည့်ကင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သတ်မှတ်လမ်းကြောင်းအတိုင်း ဆောင်ရွက်ခဲ့ကြပြီး လမ်းဆုံများနှင့် သတ်မှတ်နေရာများတွင် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအား မူးယစ်ဆေးဝါးများ၊ တားမြစ်ပစ္စည်းများ၊ တုတ်ဓားလက်နက်များ ပါရှိမှု ရှိ၊ မရှိ၊ ဆိုင်ကယ်ပါဝါအိတ်ဇောနှင့် ဆူညံအိတ်ဇောများ တပ်ဆင်စီးနင်းမှု ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးခဲ့ကြသည်။

"သီတင်းကျွတ်ပွဲတော် ကာလအတွင်း ဘုရားသွားတဲ့သူ၊ ပွဲသွားတဲ့သူများပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လိုက်နာမှုအားနည်းသူများကြောင့် ယာဉ်အန္တရာယ်ထိခိုက်မှု မဖြစ်စေရေးအတွက် ပူးပေါင်းဆောင်ရွက်တာဖြစ်ကြောင်း၊ ဒါ့အပြင် ပွဲတော်ကာလအတွင်း ပြည်သူများ အထိတ်တလန့်ဖြစ်စေမည့် အသံဆူညံပြောက်အိုးများမဖောက်ရန် ရပ်ကွက်၊ ကျေးရွာများသို့ ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်က ပြောသည်။

လှည့်ကင်းနှင့် ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသံမရောင်းနှင့် တပ်ဖွဲ့ဝင်များ၊ သန္တော္ဘ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နိုင်ထူး(ပြန်/ဆက်)**

# ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတစ်လျှောက် သန့်ရှင်းသပ်ရပ်စေရန် အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**
ရထားစီးခရီးသည်များ အနံ့အသက်ကင်းရှင်းစေရန်နှင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတစ်လျှောက် သန့်ရှင်းသပ်ရပ်စေရန်အတွက် ရန်ကုန်မြို့ပတ်ရထားလမ်းနယ်မြေအတွင်းရှိ စွန့်ပစ်ထားကြသည့် အမှိုက်ပုံများ သန့်ရှင်းရေးဆောင်ရွက်ရန် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့မှ အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမှာ ပြည်သူများအတွက် ကျန်းမာရေးထိခိုက်စေသောကြောင့် အသိပညာပေးကြေညာမှုများလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (စစ်ဆေးရေး) ဦးဘမြင့်က ပြောသည်။

"ရထားဧရိယာ အနီးအနားရပ်ကွက်တွေက အမှိုက်ကို စနစ်တကျ အထုပ်လေးတွေနဲ့ စွန့်ပစ်ကြတာမဟုတ်ပါဘူး၊ ပြန့်ကျဲနေအောင် စွန့်ပစ်ကြတာပါ။ ရထားလမ်းနယ်မြေအတွင်းမှာ အမှိုက်ပုံအဖြစ်တွေ့ရှိရတဲ့စာရင်းအရ ၂၆ နေရာရှိပါတယ်။ ကျွန်တော်တို့ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်တဲ့အဖွဲ့အနေနဲ့ ပထမဆုံးအကြိမ် စွန့်ပစ်အမှိုက်များကို သိမ်းဆည်းပြီး နောက်ထပ်စည်းကမ်းမဲ့ စွန့်ပစ်ကြရင်တောင် စနစ်တကျအထုပ်လေးတွေနဲ့ စွန့်ပစ်အောင် အသိပညာပေးလုပ်ဆောင်သွားပါ့မယ်၊ မြို့ပတ်ရထားလမ်းပိုင်းမှာ Safety အပါအဝင် သန့်ရှင်းရေးကိုပါ လုပ်ဆောင်သွားမှာပါ၊ ပြည်သူတွေပါ ပူးပေါင်းပါဝင်လုပ်ဆောင်မယ်ဆိုရင် အားလုံးအဆင်ပြေသွားမှာပါ" ဟု ၎င်းက ပြောကြားသည်။

မြန်မာ့မီးရထားအနေဖြင့် ဘူတာယာဒ်ဝင်းများနှင့် ဘူတာများကြား သန့်ရှင်းသာယာလှပစေရေး စွန့်ပစ်အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်မှုအတွက် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရန် ဝန်ဆောင်ခပေး၍ နေ့စဉ်အမှိုက်သိမ်းဆည်းနေရသောကြောင့် အခက်အခဲများဖြစ်ပေါ်နေရကြောင်းနှင့် အမှိုက်သိမ်းရထားနှစ်စင်းဖြင့်လည်း စွန့်ပစ်အမှိုက်များကို ပုံမှန်သိမ်းဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ ရန်ကုန်မြို့ပတ်ရထားတွဲဆိုင်းများတွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များပါ လိုက်ပါစီးနင်းလာကြသောကြောင့် ထိုသို့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများမှာ နိုင်ငံ့ပုံရိပ်ကို ထိခိုက်စေကြောင်း၊ အမှိုက်များစုပုံနေပါက မြင်ကွင်းမကောင်းဘဲ မတော်တဆအန္တရာယ်များပါ ဖြစ်ပေါ်စေနိုင်သဖြင့် ပူးပေါင်းအဖွဲ့များဖြင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ပွင့်သစ္စာ)**

## တိုတိုထွာထွာဖတ်စရာ

### မိုးနဲ၌ ဘိန်းအစားထိုးသီးနှံအဖြစ် ပန်းနှမ်းမျိုးစေ့ထောက်ပံ့

**မိုးနဲ**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ဘိန်းအစားထိုးသီးနှံအဖြစ် ပန်းနှမ်းမျိုးစေ့ ထောက်ပံ့ပေးအပ်ခြင်းကို နောင်လိုင်ကျေးရွာအုပ်စု မလန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက ပေးအပ်သည်။

နောင်လိုင်ကျေးရွာ၊ လင်ဖူးကျေးရွာ၊ နမ့်ကော်ကျေးရွာ၊ နောင်ယာဆိုင်းကျေးရွာနှင့် နောင်ပယ်ကျေးရွာတို့တွင် ပန်းနှမ်းမျိုးစေ့ပြည် ၈၀ ကို တောင်သူများ လက်ဝယ်အရောက် ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ဖဖ၁**

### သန်လျင်၌ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး အသိပညာပေး

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ ဆေးရိုးပင်ဓမ္မာရုံတွင် အောက်တိုဘာ ၂၂ ရက် ည ၈ နာရီက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးက မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများ၊ လူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သက်နိုင် (ပြန်/ဆက်)**

### မတူပီတွင် မဲရုံသုံးဆက်စပ်ပစ္စည်းများထုတ်ပေး

**မတူပီ**
ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲပုံးနှင့် မဲရုံသုံးဆက်စပ်ပစ္စည်းများကို မတူပီမြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံ အောက်တိုဘာ ၂၂ ရက်မှစ၍ ထုတ်ပေးနေပြီဖြစ်ကြောင်း မတူပီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး မြို့နယ်တာဝန်ခံ ဦးဟဲန်းဆမ်းထံမှ သိရသည်။

မတူပီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၈ အုပ်စုအတွင်း မဲရုံပေါင်း ၇၀ ဖွင့်လှစ်ကျင်းပမည်ဖြစ်ပြီး ကြိုတင်ဆန္ဒမဲပေးခြင်းကို အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ ဆန္ဒမဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အနုပညာသတင်း



# The Seoul Awards မှာ ရေပန်းအစားဆုံး ဆုအတွက် လူပြောများနေတဲ့ တောင်ကိုရီးယား ကြယ်ပွင့်များ

တောင်ကိုရီးယားရဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "The Seoul Awards"မှာ ရေပန်းအစားဆုံးအနုပညာရှင်အဖြစ် ရွေးချယ်ခံရဖို့ရာ အများက ထင်ကြေးပေးခံနေရတဲ့ ကြယ်ပွင့်တွေကို လတ်တလောမှာတော့ စွန်ပီဒေ့ါကွန်းက ရွေးချယ်တင်ပြလာတာဖြစ်ပါတယ်။ ဒီအထဲမှာတော့ အမျိုးသားတေးဂီတအဖွဲ့ "EXO"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်လောကဘက်ကို ခြေချလာတဲ့ ဒီအို၊ မင်းသမီး ဆန်းရယ်ဂျင်၊ မင်းသား ဂျန်ဟေးအင်နဲ့ ကေပေ့ါပ်အမျိုးသမီးတေးဂီတအဖွဲ့ "Girls' Generation"ရဲ့ အဖွဲ့ဝင်ဟောင်းဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်သာ အနုပညာခရီးဆက်လိုတဲ့ ဆိုးဟွန်တို့ ဖြစ်ကြကြောင်း သိရပါတယ်။

ဒီဆုပေးပွဲအတွက် ဆုရရှိသူတွေကိုတော့ ပရိသတ်တွေရဲ့ မဲပေးရွေးချယ်မှု ၅၀ ရာခိုင်နှုန်းနဲ့ အကဲဖြတ်ဒိုင်တွေရဲ့ မဲပေးရွေးချယ်မှု ၅၀ ရာခိုင်နှုန်းအရ ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ အကဲဖြတ်ဒိုင်တွေထဲမှာလည်း အနုပညာနယ်ပယ်မှ ပရော်ဖက်ရှင်နယ်ဒိုင်တွေနဲ့ အင်တာဗျူးတွေအရ ရွေးချယ်ထားတဲ့ ကျွမ်းကျင်သူတွေ တစ်ဝက်စီပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဆုပေးပွဲအခမ်းအနားကိုတော့ လာမယ့် အောက်တိုဘာ ၂၇ ရက်မှာ ကျင်းပသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်နေတဲ့ BIG BANG ရဲ့ ဆန်းရီနဲ့ ယူဟောဝန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIG BANG" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆန်းရီဟာ သရုပ်ဆောင်တစ်ဦးဖြစ်သူ ယူဟောဝန်နဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ထွက်လာခဲ့တာ ဖြစ်ပါတယ်။ ဒီအကြောင်းအရာတွေကိုတော့ တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ စွန်ပီဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၁၉ ရက်မှာ တရုတ်မီဒီယာတစ်ခုက ဒီသတင်းတွေကို စတင်ရေးသားဖော်ပြခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ ကြယ်ပွင့်တွေရဲ့ အေဂျင်စီတွေက သူတို့နှစ်ဦး ချစ်သူတွေအဖြစ် လက်တွဲနေခြင်း ရှိ၊ မရှိ စုံစမ်းနေဆဲဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒီသတင်းတွေကို စတင်ဖော်ပြခဲ့တဲ့ တရုတ်မီဒီယာကတော့ သူတို့ နှစ်ဦး ချစ်သူတွေအဖြစ် တွဲနေတာ တစ်လခန့်ကြာခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။



အေးပြည့် - စုစည်းသည်

နိုင်လင်းကြည်

# တစ်ပတ်အတွင်း အားကစားသတင်းများ




## ဥရောပရဲ့ထိပ်တန်းလိဂ်ငါးလိဂ်မှာ ပထမဆုံးလိဂ်သွင်းဂိုး ၄၀၀ ပြည့်ခဲ့တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒို

ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုဟာ ဂျူဗင်တပ်အသင်းနဲ့ ဂျီနိုအာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီ စီးရီးအေ ပွဲစဉ် ၉ မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဥရောပရဲ့ ထိပ်တန်းလိဂ်ငါးလိဂ်မှာ ပထမဆုံးလိဂ်သွင်းဂိုး ၄၀၀ ပြည့်မြောက်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်လာခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ ဂျူဗင်တပ်အသင်းဟာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ သွင်းဂိုးတစ်ဂိုးနဲ့အတူ ဂျီနိုအာအသင်းနဲ့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ အဲဒီလိုသရေပွဲဖြစ်ခဲ့လို့ တစ်မှတ်သာရရှိခဲ့ခြင်းဟာလည်း ဂျူဗင်တပ်အသင်းအတွက်တော့ အခုနှစ်ဘောလုံးရာသီမှာ ပထမဆုံးပွဲစဉ်လည်းဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ အခုပွဲစဉ်မကစားမီက အီတလီစီးရီးအေပွဲစဉ် ရှစ်ပွဲအထိ အနိုင်ကစားနိုင်ခဲ့ကာ ချန်ပီယံလိဂ်မှာလည်း နှစ်ပွဲအနိုင်ရရှိထားတဲ့အသင်းလည်းဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုဟာ ဂျူဗင်တပ်အသင်းအတွက် ငါးဂိုးမြောက်စီးရီးအေသွင်းဂိုးဖြစ်ပြီး မန်ယူအသင်းမှာ ကစားခဲ့စဉ်က ပရီမီယာလိဂ်သွင်းဂိုး ၈၄ ဂိုးသွင်းယူနိုင်ခဲ့ကာ ရီးယဲလ်မက်ဒရစ်အသင်းမှာ ကစားခဲ့စဉ်ကလည်း ၃၁၁ ဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ဥရောပရဲ့ထိပ်တန်းလိဂ်ငါးလိဂ်မှာ သွင်းဂိုး ၃၉၀ နဲ့ ဒုတိယနေရာလိုက်နေတဲ့ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီကို ၁၀ ဂိုးအထိ ကျော်လွန်ထားခဲ့တာဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ အောက်တိုဘာ ၂၃ ရက်မှာ မန်ယူအသင်းနဲ့ ချန်ပီယံလိဂ်ကစားရမှာဖြစ်လို့ စီရိုနယ်လ်ဒိုဟာ အသင်းဟောင်း မန်ယူအသင်းနဲ့ ပြန်လည်ရင်ဆိုင်ရမှာလည်းဖြစ်ပါတယ်။

## အာဆင်နယ်ရဲ့ အဓိက ကစားသမားဖြစ်လာတဲ့ လာကာဇက်တီ

တိုက်စစ်မှူး လာကာဇက်တီဟာ အာဆင်နယ်အသင်းရဲ့ သွင်းဂိုးတွေနဲ့ ဂိုးဖန်တီးပေးနိုင်မှုတွေမှာ အဓိကအကျိုးပြုတဲ့ ကစားသမားတစ်ဦးဖြစ်လာတယ်လို့ ဒေးလီးမေးလ်က ဆိုပါတယ်။ ပြင်သစ်ကြယ်ပွင့် လာကာဇက်တီဟာ ရာသီအစပိုင်းက သိသာတဲ့ ခြေစွမ်းပြကစားနိုင်မှုမရှိခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ အူဘာမေယန်နဲ့အတူ အာဆင်နယ်အသင်းရဲ့ တိုက်စစ်ပိုင်းမှာ တွဲဖက်ညီညီနဲ့ ဂိုးတွေသွင်းယူနေတာလည်းဖြစ်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး လာကာဇက်တီဟာ လိုင်ယွန်အသင်းမှာ ၂၇၅ ပွဲကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၂၉ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇူလိုင်လမှာ အာဆင်နယ်အသင်းကို ရောက်ရှိလာတဲ့အချိန်မှာတော့ ၄၉ ပွဲမှာ ၂၂ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။




## ကစားသမားရောင်းချမှုမှ ပြိုင်ဘက်ခြောက်သင်းထက် ပေါင်သန်း ၆၀ ကျော်ပိုမိုရရှိခဲ့တဲ့ မန်စီးတီး

မန်စီးတီးအသင်းဟာ လေးနှစ်တာကာလအတွင်း ဘောလုံးအကယ်ဒမီကနေထွက်တဲ့ ကစားသမားတွေ ရောင်းချရာကနေ ပေါင်သန်း ၇၀ ကျော် ရရှိခဲ့တယ်လို့ သိရပါတယ်။ အဲဒီလို ရရှိခဲ့တာဟာ အခြားသောထိပ်တန်းအဆင့်ရှိ ပြိုင်ဘက်အသင်းခြောက်သင်းနဲ့ နှိုင်းစာမယ်ဆိုရင် ပေါင်သန်း ၆၀ ကျော်ပိုမိုရရှိခဲ့တယ်လို့ ဆိုပါတယ်။ ထိပ်တန်းအဆင့်ရှိ အသင်းခြောက်သင်းရဲ့ အကယ်ဒမီထွက် ကစားသမားတွေရောင်းချမှုကို ကြည့်မယ်ဆိုရင် မန်စီးတီးအသင်းဟာ ပေါင်သန်း ၇၀ ကျော်၊ စပါးအသင်းဟာ ပေါင် ၁၁ သန်းကျော်၊ အာဆင်နယ်အသင်းဟာ ပေါင် ၁၁ သန်းကျော်၊ မန်ယူအသင်းဟာ ပေါင်ကိုးသန်းကျော်၊ ချယ်လ်ဆီးအသင်းဟာ ပေါင်ခြောက်သန်းကျော်၊ လီဗာပူးအသင်းဟာ ပေါင်သုံးသန်းကျော်ရရှိခဲ့ကြတာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်က စတင်ပြီး မန်စီးတီးအသင်း၊ လီဗာပူးအသင်း၊ ချယ်လ်ဆီးအသင်း၊ စပါးအသင်း၊ အာဆင်နယ်အသင်း၊ မန်ယူအသင်းတို့ရဲ့ အကယ်ဒမီတွေကနေ ထွက်ပေါ်လာတဲ့ကစားသမား ၄၂ ဦးအထိ ရောင်းချထားခဲ့ကြကြောင်းလည်း သိရပါတယ်။




## ခြေချင်းဝတ်ဒဏ်ရာကြောင့် ဘာစီလိုနာနဲ့ပွဲစဉ် လွဲချော်မယ့် နိုင်ဂိုလန်



အင်တာမီလန်အသင်းရဲ့ ကွင်းလယ်ကစားသမား နိုင်ဂိုလန်ဟာ ခြေချင်းဝတ်ဒဏ်ရာရရှိထားခဲ့တာကြောင့် ဘာစီလိုနာအသင်းနဲ့ ကစားရမယ့် ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်မှာ လွဲချော်တော့မှာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမားနိုင်ဂိုလန်ဟာ အင်တာမီလန်အသင်းနဲ့ အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ မီလန်ဒါဘီပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ အင်တာမီလန်အသင်းက အေစီမီလန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ အင်တာမီလန်အတွက် သွင်းဂိုးတစ်ဂိုးကိုတော့ အိုင်ကာဒီက နာကျင်အချိန်ပိုမှာ သွင်းယူခဲ့တာဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ အီတလီစီးရီးအေပြိုင်ပွဲမှာ ရမှတ် ၁၆ မှတ်ရထားကာ အမှတ်ပေးဇယားရဲ့ အဆင့် ၃ နေရာမှာ ရပ်တည်နေသလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း စပါးအသင်းနဲ့ ပီအက်စ်ဗွီအသင်းတို့ကို အနိုင်ရရှိထားတာကြောင့် ရမှတ်ခြောက်မှတ်ရရှိထားပါတယ်။

## ပြင်သစ်ပထမတန်းဖလားပွဲစဉ် ၁၀ ပွဲစလုံးအနိုင်ရရှိထားတဲ့ ပီအက်စ်ဂျီအသင်း

ပီအက်စ်ဂျီအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ပြင်သစ်ပထမတန်း ဖလားပွဲစဉ် ၁၀ ပွဲကစားအပြီးမှာ ၁၀ ပွဲစလုံး အနိုင်ရရှိခဲ့တာကြောင့် ရှုံးပွဲ မရှိစံချိန်တင်နိုင်ခဲ့ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်ပထမတန်းဖလား နောက်ဆုံးပွဲစဉ်အဖြစ် အေမီယန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက ငါးဂိုးပြတ်အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ လက်ရှိမှာ အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာ ရမှတ် ၃၀ နဲ့ ရပ်တည်နေတာဖြစ်ပြီး ဒုတိယနေရာမှာ ရပ်တည်နေတဲ့ လိုင်လီအသင်းကို ရှစ်မှတ်ဖြတ်ထားနိုင်ခဲ့ပါတယ်။ အဲဒီမှာ ပီအက်စ်ဂျီအသင်းအတွက် အားထားရတာကတော့ လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီဖြစ်ပြီး အမ်ဘတ်ပီဟာ ကိုးပွဲကစားပေးခဲ့ပြီး ၁၁ ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ အေမီယန်အသင်းနဲ့ပွဲစဉ်မှာ နေမာ၊ သီယာဂိုဆေးလ်ဗားနဲ့ သောမက်မီအူနီယာတို့ကို ချန်လှပ်ထားခဲ့ပြီး အဲဒီကစားသမားတွေကို နာပိုလီအသင်းနဲ့ ကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်အတွက် ချန်ထားခဲ့တာဖြစ်ပါတယ်။




MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
MPT နှင့် တူနွဲ့ပျော်
သီတင်းကျွတ်
မီးထွန်းပွဲတော်
ကြည်နူးပျော်ရွှင်ဖွယ် သီတင်းကျွတ်ချိန်ခါသမယဝယ် မြန်မာပြည်သူပြည်သား အပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် လိုအင်ဆန္ဒများအားလုံး ပြည့်စုံပါစေကြောင်း MPT မိသားစုမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (၇) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဥ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ်အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-
GA MONE PWINT CO.,LTD.
အမှတ် (၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6




FAME
Nature-Q10®
Coenzyme Q10 ... 30 mg
နှလုံးဆေး
TMR 011902 (0519)
၂/၂၀၁၈ တဆထလ (တိုး) ဝ၆၅၇

FAME
Resveratrol
Cellular Energy Booster
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
စပျစ်သီးဆေး
TMR 013019 (0121)
၂/၂၀၁၈ တဆထလ (တိုး) ဝ၆၅၇
Ph: 09-73142216

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296





တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
## အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်မှ ဝင်ငွေခွန် ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

*** အကျုံးဝင်သည့်အခွန်ထမ်းပုဂ္ဂိုလ်များ**

- ဆရာဝန်၊ အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ အနုပညာရှင်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ် စသည့်ပညာရှင်များပါဝင်ပါသည်။

*** အကျုံးဝင်သည့် ဝင်ငွေများ**

- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို ဝန်ဆောင်ခရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုတစ်ရပ်ဖြစ်ပါသည်။ ဥပမာ - ဆရာဝန်၊ သူနာပြု၊ အနုပညာရှင်၊ စာရင်းစစ် စသည့်ပညာရှင်တို့က ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်း မဟုတ်ဘဲ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကိုဆိုလိုပါသည်။
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သောဝန်ဆောင်ခအဖြစ် ရရှိသည့် ဝင်ငွေဖြစ်ပါသည်။
- မိမိတတ်ကျွမ်းသည့်ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ် (သို့မဟုတ်) လစဉ် ပုံသေလုပ်ခ သို့မဟုတ် လစာရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ "လစာ" မှ ဝင်ငွေသာဖြစ်သည်။

*** အခွန်နှုန်း။** ၁-၄-၂၀၁၈ရက်နေ့မှ စတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ရရှိသည့်ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ပါမည် -

| အမှတ်စဉ် | ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

* **စာရင်းထားရှိခြင်း။** သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့် ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကိုဖော်ပြသည့် ဘဏ္ဍာရေးရှင်းတမ်း (Financial Statement) တင်ပြရပါမည်။

* **ဝင်ငွေတွက်ချက်ခြင်း။** အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကိုတွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကိုနုတ်ပေးပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ်နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီး သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မရှိပါ -

- မတည်စရိတ်
- ကိုယ်ရေးကိုယ်တာစရိတ်
- လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်

* အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ကုန်ကျစရိတ်များမတူကွဲပြားကြပါသည်။ ဆရာဝန်တစ်ဦး၏ စရိတ်နှင့် ရှေ့နေတစ်ဦး၏ စရိတ်တူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။

* **အခွန်တွက်ချက်ခြင်း။** အောက်ဖော်ပြပါ နမူနာဖြင့် ရှင်းလင်းအပ်ပါသည် -

ဦးကျော်သည် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်တစ်ကားအတွက် သရုပ်ဆောင်ခကျပ် ၁၀ သိန်း၊ ကြော်ငြာတစ်ခုအတွက် သရုပ်ဆောင်ခကျပ် ၅ သိန်းရယူပါသည်။ နှစ်အတွင်းသရုပ်ဆောင်ခကျပ် ၅၄၅ သိန်းရရှိပြီး ခရီးသွားလာစရိတ်ကျပ် ၃၅ သိန်း၊ အလှပြင်စရိတ် ကျပ် ၁၅ သိန်း၊ သရုပ်ဆောင်ဆိုင်ရာအဝတ်အထည်စရိတ် ကျပ် ၁၀ သိန်း၊ အလုပ်လက်ခံဆောင်ရွက်ရန် မန်နေဂျာတစ်ဦးတစ်လကျပ် ၄ သိန်းဖြင့် ၄၈ သိန်း၊ အထွေထွေစရိတ် ၁ သိန်း၊ စုစုပေါင်းကုန်ကျစရိတ်ကျပ် ၁၀၉ သိန်းဖြစ်သဖြင့် ရုပ်ရှင်နှင့်ကြော်ငြာသရုပ်ဆောင် ဦးကျော်သည် ဝင်ငွေနှစ်အတွင်း သရုပ်ဆောင်ခစုစုပေါင်းကျပ် ၅၄၅ သိန်းရရှိသော်လည်း အသုံးစရိတ်များနုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေမှာကျပ် ၄၃၆ သိန်းရရှိသည်ကိုတွေ့ရှိရပါသည်။ ဦးကျော်တွင် မှီခိုသူဇနီးရှိပြီး သားသမီး ၂ ဦးအနက် တစ်ဦးမှာအိမ်ထောင်သည် သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀ တန်းကျောင်းသူဖြစ်ပါသည်။ ဦးကျော်၏ သရုပ်ဆောင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှဝင်ငွေကို အောက်ပါအတိုင်းတွက်ချက်ရမည်ဖြစ်ပါသည် -

| | | | (ကျပ်) |
|---|---|---|---|
| သရုပ်ဆောင်ခဝင်ငွေစုစုပေါင်း | | | =၅၄,၅၀၀,၀၀၀ |
| (နုတ်)ကုန်ကျစရိတ် | | | |
| ခရီးသွားလာစရိတ် | = | ၃,၅၀၀,၀၀၀ | |
| အလှပြင်စရိတ် | = | ၁,၅၀၀,၀၀၀ | |
| အဝတ်အထည်စရိတ် | = | ၁,၀၀၀,၀၀၀ | |
| အထွေထွေစရိတ် | = | ၁၀၀,၀၀၀ | |
| မန်နေဂျာလစာ | = | ၄,၈၀၀,၀၀၀ | |
| စုစုပေါင်းလုပ်ငန်းအတွက်ကုန်ကျစရိတ် | | | =၁၀,၉၀၀,၀၀၀ |
| အသားတင် ဝင်ငွေ | | | =၄၃,၆၀၀,၀၀၀ |
| အသားတင် ဝင်ငွေ | | | =၄၃,၆၀၀,၀၀၀ |
| (နုတ်)သက်သာခွင့်များ | | | |
| (က) အခြေခံသက်သာခွင့် (စုစုပေါင်းဝင်ငွေ၏ ၂၀%ဖြင့်) | = | ၈,၇၂၀,၀၀၀ | |
| (ခ) အိမ်ထောင်ဖက်အတွက် | = | ၁,၀၀၀,၀၀၀ | |
| (ဂ) အိမ်ထောင်သည်သားအတွက် | = | ခွင့်မပြု | |
| (ဃ) ကျောင်းသူသမီးအတွက် | = | ၅၀၀,၀၀၀ | |
| | | | =၁၀,၂၂၀,၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | | =၃၃,၃၈၀,၀၀၀ |
| ၁ ကျပ်မှ ၃၀,၀၀၀,၀၀၀ ထိ အဆင့်ဆင့်စုစုပေါင်း | | | = ၄,၁၅၀,၀၀၀ |
| ၃၀,၀၀၀,၀၀၁ ကျပ်မှ ၃၃,၃၈၀,၀၀၀ ထိကျန် ၃,၃၈၀,၀၀၀ အတွက် ၂၅% | | | = ၈၄၅,၀၀၀ |
| စုစုပေါင်းကျသင့်အခွန် | | | = ၄,၉၉၅,၀၀၀ |

* အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်ဖြင့် ဘဏ္ဍာနှစ်အလိုက် အခွန်ကောက်ခံရရှိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဘဏ္ဍာနှစ် | အခွန်ထမ်း အရေအတွက် | ကောက်ခံရရှိမှု (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | ၂၀၁၆-၂၀၁၇ | ၁၇၂၉၉ ဦး | ၁၆၂၁. ၆၃၂ |
| ၂ | ၂၀၁၇-၂၀၁၈ | ၁၇၅၃၁ ဦး | ၁၉၅၈. ၅၇၂ |

ပညာရှင်များအနေဖြင့် ဝင်ငွေခွန်ဥပဒေအရပေးဆောင်ရမည့် ဝင်ငွေခွန်များကို သက်ဆိုင်ရာအခွန်ရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ထမ်းဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ လာမည့်ဘဏ္ဍာနှစ်များတွင် ကဏ္ဍအလိုက်အခွန်ထမ်းဆောင်ကြသည့်ပညာရှင်များနှင့် ပေးဆောင်သည့်အခွန်ပမာဏကိုသက်ဆိုင်ရာမြို့နယ်များအလိုက် ကြေညာသွားမည်ဖြစ်ပါသည်။

* မရှင်းလင်းသည်များကိုသိရှိလိုပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်-၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅ လမ်း၊ ၂၂ X ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ကျောက်ဆည်မြို့၌ သီတင်းကျွတ်ဆင်လျှုပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲဖွင့်



ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေရှိ ဆင်ပြိုင်ကွင်း၌ ဆင်အကအလှပြိုင်ပွဲ ကျင်းပစဉ်။

**ကျောက်ဆည် အောက်တိုဘာ ၂၃**

ကျောက်ဆည်မြို့နယ် သီတင်းကျွတ်ဆင်လှူပွဲတော်နှင့် ဆင်အကအလှ ပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီက ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေရှိ ဆင်ပြိုင်ပွဲကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေနှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲဝင် ဆင်အဖွဲ့များသည် ရွှေသာလျောင်းတောင်ခြေ ဆင်ပြိုင်ကွင်းအတွင်းရှိ ဗဟိုမဏ္ဍပ်ရှေ့တွင်

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ❖


ဆေးဝါးလှူဒါန်းခြင်းသည် အနာရောဂါကင်းဝေးပြီး သက်ရှည်ကျန်းမာခြင်းကို ပြည့်စုံစေမည့် ကုသိုလ်ထူးကို ရရှိစေပါသည်။

ထွန်းရွှေဝါ
တိုင်းရင်းဆေးမျိုးစုံဘူး

တိုင်းရင်းဆေး (၂၁) မျိုး
ပါဝင်သည်။

ဝါကျွတ်၊ ကထိန်ပွဲတော်များနှင့် လှူဒါန်းမှုပြုသည့် အချိန်တိုင်း
"ထွန်းရွှေဝါတိုင်းရင်းဆေးမျိုးစုံဘူး" ကို လှူဒါန်းခြင်းဖြင့်
မွန်မြတ်သောကုသိုလ်ထူးကို ရယူနိုင်ကြပါစေ။




ဆက်သွယ်ရန် - (ရန်ကုန်) ဖုန်း - ၀၉ - ၂၆၀၇၀၇၁၇၁၊ ၀၉ - ၂၆၀၇၀၇၁၇၂၊ ၀၉ - ၅၁၈၉၈၁၈၊ (မန္တလေး) ၀၂ - ၄၀၆၄၉၄၀၊ ၀၉ - ၉၁၀၂၄၇၂၆

APOLO®
စာအုပ် နှင့် စာရေးကိရိယာ အမျိုးမျိုး



- PAPER CUP
- PAPER PLATES
- PAPER LUNCH BOX
- SAMPLING CUPS
- NOODLE CUPS
- COFFEE CUPS

Hot Line - 01 3684292
Facebook - www.facebook.com/apolostio
website - www.decolandgroup.com

ခွက်နှင့်ဗူးဒီဇိုင်းများအား ဝယ်ယူသူ၏လိုအပ်ချက်အတိုင်း မြင့်မားသော အရည်အသွေးဖြင့် ထုတ်လုပ်ပေးပါသည်။